# ပျံပါလေဦး ရွှေလိပ်ပြာ

မမဝင်း



# (စာရေး သူ၏ အမှာ စာ)

ဤဝတ္ထုသည် မည် သူတစ်ဦး တစ်ယောက် ကိုမျှ ရည်ညွှန်းချက်မရှိ၊ ပင်ကိုယ်စိတ်ကူးမှ ပေါ်ထွက်လာသော ဇာတ်လမ်း ဖြစ်ပါသည်။

မြမြစိမ်း

## (၂၁ အုပ်မြောက် မြမြစိမ်း၊ ၁၉၇၃ ခုနှစ်၊ မတ်လ)

လေးစားစွာ ဖြင့် အစီရင်ခံအပ်ပါသည်။

ဤဝတ္ထုအတွင်း၌ အင်္ဂလိပ်စာလုံးများ ကို ထည့်သွင်းအသုံးပြုထားပါသည်။ ဤဝတ္ထုသည် လေယာဉ်နှင့် ပတ်သက်သော အကြောင်းအရာများ ပါဝင်သဖြင့် ပရိသတ်များ အခေါ်အဝေါ် ဗဟုသုတ ရရှိစေခြင်းကို အလေးပြု၍ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

ဝတ္ထု၏ ကျောရိုး အခြေခံချက်မှာ၊ လေယာဉ်ပျံနှင့် ပတ်သက်ပြီး လေယာဉ်အမှုထမ်းတို့၏ ဘဝကို ဖြုံငုံကာ ရေး သားတင်ပြထားခြင်း ဖြစ်ပါသည်။

ယင်းဝတ္ထုသည် ကျွန်မ၏ အထူးကြိုး စားအားထုတ်ရသော ဝတ္ထုတစ်ပုဒ် ဖြစ်၍ ကျွန်မ၏ ပရိသတ်အနေဖြင့် လည်း ဤဝတ္ထုကိုဖတ်၍ ကျေနပ်နစ်သက် မှု ရရှိလိမ့်မည် ဟု ကျွန်မ ယုံကြည်မိပါ သည်။

ကျွန်မ၏ ပရိသတ်များ သဘောကျနှစ်သက် လက်ခံလျှင် ကျွန်မ၏ ကြိုးစားရချက်သည် ပင်ပန်း ရကျိုးနပ်သည်ဟု ကျွန်မယုံကြည်တွက်ဆပါသည်။

နောက်ကိုလည်း ကျွန်မသည် တစ်ပုဒ်ထက်တစ်ပုဒ် ကောင်းအောင်ကြိုး စားပါမည် ဟု ကျွန်မ၏ ချစ်စွာ သော ပရိသတ်များ သို့ အစီရင်ခံအပ်ပါသည်။

ချစ်စွာ သော ပရိသတ်ကို လေးစားသော အားဖြင့်

မြမြစိမ်း

*

# အခန်း (၁)

စားပွဲတွင် နာရီကလေး၏ နှိုးစက်မည် သံသည် ပကတိတိတ်ဆိတ်ခြင်းကို စူးရှရှည်လျားစွာ ဖောက်ထွင်းထွက်ပေးလာ၏ ။

စားပွဲဘေးရှိ ကုတင်ပေါ်တွင် ငြိမ်သက်စွာ အိပ်ပျော်နေသူသည် လူးလွန့်လာပြီး ခြုံထားသည့် စောင်ကို ဦးခေါင်းပေါ်သို့ ဆွဲတင်လိုက်သည်။ ပြီးတော့ တစ်ဖက်သို့ လှည့်ကာ ငြိမ်သက်သွားပြန်၏ ။

'သင်းသင်း..သမီး နိုးပြီလား'ဟူသော အသံသည် ထွက်ပေါ်လာ၏ ။

ကုတင်ပေါ်တွင် အိပ်နေသူသည် ကိုယ်ပေါ်မှ စောင်ကိုဖယ်ရှားလိုက်ပြီး...

'အင်း..နိုးနေပါပြီ မေမေ'

သင်းသင်းသည် ပြန်ဖြေရင်း အိပ်ယာမှထလိုက်သည်။

စားပွဲပေါ်ရှိ မီးတိုင်မှခလုတ်ကို ဖွင့်လိုက်ပြီး အိပ်ငွေ့သမ်းနေသော မျက်လုံးအစုံဖြင့် နာရီကို ကြည့်လိုက်ရာ နာရီလက်တံများ သည် ၄ နာရီတိတိကို ညွှန်ပြနေကြောင်း နာရီလက်တံများ သည် ၄ နာရီတိတိကို ညွှန်ပြနေကြောင်း တွေ့ရ၏ ။

အိပ်ရာပေါ်သို့ တဖန်ပစ်လှဲအိပ်လိုက်ချင်စိတ်များ ကို သင်းသင်းသည် မနည်းချည်း တွန်းလှန် နေရပေ၏ ။ မျက်တောင်ကော့ကလေးများ ကို တဖျပ်ဖျပ်ခတ်ခါ အိပ်ချင်စိတ်အခိုးအငွေ့များ ကို ဖယ်ရှား ပစ်ရင်း သင်းသင်းသည် ထရပ်လိုက်သည်။

ဤသို့ ထရပ်သည့်အချိန်မှစ၍ သင်းသင်းသည် တစ်နေ့တာလုပ်ဆောင်ရမည် လုပ်ငန်းတို့ကို တစ်ခုပြီးတစ်ခု အစီအစဉ် အလိုက်လုပ်ဆောင်ရလေတော့သည်။

ဦးစွာ ခြင်ထောင်ကို သိမ်းတင်လိုက်သည်။ ပြီးတော့ တွန့်လိမ်နေသော အိပ်ယာကိုသပ်ယပ်စွာ ပြန်လည်ခင်းကျင်းပြီး မျက်နှာသုတ်ပဝါကိုဆွဲကာ ရေချိုးခန်းသို့ ဝင်ခဲ့လေသည်။

တစ်ညသိပ်ထားသော စဉ့်အိုးထဲမှ အေးစိမ့်သော ရေနှင့် ထိတွေ့လိုက်ရလျှင် သင်းသင်း၏ မျက်နှာပေါ်တွင် ပေါ်လွင်နေသော လေးလံထိုင်းမှိုင်းမှု များ ပျောက်ပြယ်ကင်းစင်ကုန်ကာ လန်းဆန်း နုပျိုလာတော့သည်။

ကိုယ်လက်သုတ်သင်ပြီးနောက် သင်းသင်းသည် မှန်တင်ခုံဆီသို့ ချဉ်းကပ်ခဲ့၏ ။

အမေ အသင့်သွေးထားပေးသော သနပ်ခါးဗူးကလေးထဲမှ သနပ်ခါးကိုပါးပြင်နုထွေးထွေးပေါ် သို့ ထင်၍ အသာပွတ်သပ် လိမ်းခြယ်လိုက်သည်။

သင်းပျံ့ပျံ့သနပ်ခါးနံ့ကို ရှူရှိုက်လိုက်ရသည့်အခါတွင် သင်းသင်းမှာ စိတ်ရောကိုယ်ပါ ပို၍ လန်းဆန်းကြည်လင်လာ၏ ။

ဆံပင်ကို နေသားတကျပြုပြင်ပြီးသည့်အခါတွင် ကား သင်းသင်းအဖို့ အလှပြုပြင်ခြင်းလုပ်ငန်း ပြီးဆုံးခြင်းသို့ ရောက်တော့သည်။

သင်းသင်းသည် သူ၏ လှုပ်ရှားမှု များ ကို ထိန်းချုပ်နေသော စားပွဲတင်နာရီဆီသို့ မျက်စေ့ကလေး ဝေ့၍ ကြည့်လိုက်သော အခါ ၄ နာရီခွဲမျှသာရှိသေးကြောင်း တွေ့ရသည်။

သင်းသင်းသည် ကျေနပ်သွားဟန်ဖြင့် ခေါင်းကလေးတစ်ချက်ညိတ်လိုက်ပြီး အင်္ကျီလက်ရှည် အဖြူမိုးပြာရောင် ထဘီတိုကို ဝတ်ဆင်လိုက်သည်။

'သင်းသင်းရေ.. အဝတ်အစား လဲပြီးပြီလား'

'ဟုတ်ကဲ့ ကော်ဖီလာသောက်ချေတော့'

'ဟုတ်ကဲ့'

သင်းသင်းသည် ကုတင်နံဘေးစားပွဲပေါ်ရှိ 'ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်း'ဟူသော စာတမ်းနှင့် တံဆိပ်ပါသည့် လက်ဆွဲအိတ်ပြာပြာလေးကို လှမ်းယူလိုက်ကာ ဝတ်စုံအပိုပါမပါ စစ်ဆေး ကြည့်ရှုလိုက်သည်။

ထို့နောက် စားပွဲပေါ်ရှိ လေကြောင်းအဖွဲ့တံဆိပ် တောင်ပံလေးနှင့် 'သင်းသင်းခိုင်'ဟူသော ပလပ်စတစ်ပြား ရင်ထိုးကလေးကို ကောက်ယူတပ်ဆင် လိုက်သည်။

မှန်ထဲတွင် သူ့ကိုယ်သူစစ်ဆေးကြည့်ရှုလိုက်ပြီး အိတ်ကလေးကိုဆွဲကာ ထမင်းစားခန်းဆီသို့ လျှောက်ခဲ့သည်။

ဒေါ်ထားခိုင်သည် ကော်ဖီနှင့် မုန့်ကို စားပွဲပေါ်တွင် အသင့်ပြင်ကာ သမီးဖြစ်သူကို ထိုင်စောင့် နေ၏ ။

' လာ သမီး.. ကော်ဖီတောင် အေးလုနေပြီ'

သင်းသင်းခိုင်သည် မိခင်၏ နံဘေးတွင် အသာဝင်ထိုင်လိုက်ပြီး ပန်းကန်ထဲမှ ပေါင်မုန့်ထော ပတ်သုတ်တစ်ချပ်ကို ယူကာ စားနေလေသည်။

'ထမင်းဘူးလေးလဲ ပြင်ထားပြီးပြီ။ မေမေအိတ်ထဲ ထည့်ထားလိုက်မယ်နော်'

'ဟုတ်ကဲ့'

ဒေါ်ထားခိုင်သည် အိမ်ရှေ့ခန်းသို့ ထွက်ခဲ့ကာ ဘုရားဝတ်ပြုပြီး သတ္တဝါအပေါင်း ဘေးဘယာ ဝေးကွာစေကြောင်း မေတ္တာပို့နေ၏ ။ အထူးသဖြင့် တော့ တစ်ဦးတည်းသော သူ့သမီးလေး သင်းသင်း ခိုင် ဘေးမသီ ရန်မခစေရန် ဆုမွန်တောင်းနေပေသည်။

သင်းသင်းခိုင်သည် စားသောက်ပြီးသော အခါ အိမ်ရှေ့ခန်းသို့ ထွက်လာကာ မိခင်နံဘေးတွင် ဝင်ထိုင်ကာ ဘုရားဝတ်ပြုလိုက်သည်။ ပြီးတော့ ကုလားထိုင်တွင် သွားရောက်ထိုင်နေလိုက်သည်။

ဒေါ်ထားခိုင်လည်း ဘုရားဝတ်ပြု၍ အမျှအတမ်းပေးဝေပြီးတော့ သမီးဖြစ်သူရှိနေရာ ဧည့်ခန်း ထဲသို့ လိုက်ဝင်ကာ သူ့သမီးဘေးတွင် ဝင်ထိုင်လိုက်သည်။

'သမီး ဒီနေ့ ဘယ်ခရီးစဉ်သွားရမှာ လဲ'

'ဟဲဟိုး ကျိုင်းတုံဘက်ပါ မေမေ'

'အကြိုကားက ဘယ်အချိန်လာမှာ လဲ'

'၅ နာရီခွဲလာမှာ ။ ခုမှ ၅ နာရီပဲ ရှိသေးတယ်'

'အေးကွယ် ညအိပ်ညနေများ ဖြစ်ရင်တော့ လိမ်လိမ်မာမာသတိဝီရိယနဲ့ နေနော်'

'သမီးအတွက် စိတ်ချပါမေမေရယ်။ သမီးတို့အဖွဲ့သားတွေ က တစ်ဦးကိုတစ်ဦး ညီအစ်ကို မောင်ရင်းနှမလို ခင်မင်စောင့်ရှောက်ကြပါတယ်'

'အေးကွယ်၊ ဒါကို မေမေသိပါတယ်။ နို့ပေမယ့် သမီးကလေးပြန်မရောက်မချင်းတော့ မေမေ့မှာ ရင်ပူနေရတာ ပဲ။ သမီးတို့အလုပ်က နေ့စဉ်နဲ့အမျှ အသက်နဲ့ရင်းပြီး လုပ်နေရတာ မဟုတ်လားလို့'

'ဒီလောက်လဲ ပူမနေပါနဲ့ မေမေရယ် စိတ်အေးအေးထားပြီး မေမေ့ကျန်းမာရေး ကိုသာ ဂရုစိုက် ပါ။ ဟိုတစ်နေ့က ကျွန်မတို့ဆီက ကပ္ပတိန်မျိုးဆွေကတောင် ပြောသေးတယ်။ လေယာဉ်စီးရတာ ထက် တောင် အန္တရာယ်ကင်းသေးတယ်တဲ့ မေမေ'

'ဘာပဲပြောပြောကွယ် မေမေ့အနေနဲ့ ကတော့ သမီးကို ဒီအလုပ် မလုပ်စေချင်ဘူး။ သမီး ဝါသနာကြီးလွန်းလို့သာခွင့်ပြုထားနေရတာ ။ သမီးလုပ်စာကိုလဲ မစားရက်ပါဘူးကွယ်။ ဖြစ်နိုင်ရင် တခြားအလုပ်တစ်ခုခုရှာပြီး လုပ်စေချင်တယ်'

'အော် ဒါနဲ့ မေမေ သမီး ဒီနေ့ ဟဲဟိုးက ဘုရင်းတင်ဖို့ ပန်းဝယ်ခဲ့မယ်နော်'

သင်းသင်းခိုင်သည် မိခင်၏ စကားလမ်းလွှဲ ပြောင်းသွား စေရန် ကြားဖြတ်၍ ပြောလိုက်၏ ။

'အေး ကောင်းသားပဲ'

ထိုအချိန်တွင် အိမ်ရှေ့ဆီမှ ကားရပ်သံကြားလိုက်ရပြီး ဟွန်းတီးသံတစ်ချက် ထွက်ပေါ်လာလေ သည်။

'ဟော .. ကားလာပြီ သမီးသွားတော့မယ်နော်..မေမေ'

သင်းသင်းသည် မိခင်အား သူအစဉ်အလာ ပြုလာသည့်အတိုင်း ဦးသုံးကြိမ်ချပြီးကာမှ လှေကားပေါ်မှ ဆင်းသွားလေသည်။

မိခင်ကြီး၏ ဆုတောင်းမေတ္တာပို့သသံသည် သင်းသင်းခိုင်ကားပေါ်ရောက်ပြီး၍

ကားထွက်သွား သည့်တိုင် အမှုင်မပြတ်နိုင်ဆဲ ရှိနေသေးသည်။

သင်းသင်းခိုင်သည် ကားပေါ်တွင် ထိုင်မိလျှင်...

'ဦးလေးဦးချစ်လှိုင်၊ ဘယ်သူတွေ ကြိုဖို့ကျန်သေးလဲ'ဟု ယာဉ်မောင်းသူအား မေးလိုက်၏ ။

'ကပ္ပတိန် ကိုကိုကျော်ရယ်၊ ဇော်ဝင်းမြင့်ရယ်၊ မောင်စောဦးရယ် ကျန်သေးတယ်'

'အော်.. ကျွန်မတို့ Crew (လေယာဉ်သား) အားလုံးပေါ့'

'သင်းသင်းတို့က ဒီနေ့ဘယ်ခရီးစဉ်ကို သွားရမှာ လဲ'

'ဟဲဟိုး ကျိုင်းတုံဘက် ဦးလေး ဘုရားပန်းမှာ လိုက်ဦးမလား'

အစိမ်း အကျက် မရွေး ဆက်ဆံရေး ပြေပြစ်လှသော သင်းသင်းခိုင်က ယာဉ်မောင်းကြီးအား စေတနာအရင်းခံဖြင့် အရေး တယူမေးနေ၏ ။

'အေး.. ဝယ်ခဲ့ရင်လဲ ကျေးဇူးပေါ့ကွယ်'

'စိတ်ချ၊ ကျွန်မတို့ ညနေ ၆ နာရီလောက် ပြန်ရောက်မယ်၊ စောင့်နေနော်'

'အေး..အေး'

စကားတပြောပြောနှင့် သင်းသင်းခိုင်တို့သည် လေယာဉ်မှူး ကြီးကိုကိုကျော်၏ အိမ်ရှေ့သို့ ရောက်ခဲ့ကြ၏ ။

ကိုကိုကျော်သည် ကားပေါ်သို့ တက်လာသော အခါ..

'ဂွတ်မောနင်း..ကပ္ပတိန်'ဟု သင်းသင်းခိုင်က ခရီးဦးကြိုနှုတ်ဆက်မှု ကို တုံ့ပြန်ရင်း တစ်ဆက် တည်း...

'ဒီနေ့တော့ Pick Up Time (ကားကြိုချိန်)ကို ကိုက်နေတာပါပဲလား ဦးချစ်လှိုင်'

'ဟုတ်တယ်ကပ္ပတိန်၊ သင်းသင်းအိမ်ကို ၁၀ မိနစ်တောင်

စောရောက်နေခဲ့တာ’ဟု သင်းသင်း က ကြားဖြတ်ဖြေလိုက်၏ ။

‘ဒါနဲ့ သင်းသင်းတို့ Flight မနေ့က ပြန်ရောက်တာနောက်ကျတယ်နော်’

‘ဟုတ်တယ် ကပ္ပတိန်၊ ကျောက်ဖြူမှာ Snag (စက်ချို့ယွင်း) ဖြစ်နေလို့ Relief (အကူ) လေယာဉ်ထိုင်စောင့်နေခဲ့ရတာ ကိုး။ ကံကောင်းလို့ ညမအိပ်ရတယ်။ အိမ်ပြန်ရောက်တော့ ဆယ်နာရီ တောင်ခွဲနေပြီ’

‘ကိုယ်က သင်းသင်း ဒီနေ့ Flight မှ လိုက်နိုင်ပါ့မလားလို့’

‘နေကောင်းလို့ ကတော့ သင်းသင်းဘယ်တော့မှ Flight အပျက်မခံဘူး ကပ္ပတိန်’

‘သိပါတယ်ဗျား၊ ကိုယ်သာ ပျံသန်းရေး မန်နေဂျာ ဦးဆင်ဗလဆိုရင် သင်းသင်းကို လုပ်သား သူရဲကောင်းဆုပေးလိုက် မယ်’

‘ဟင်း..ကပ္ပတိန်က သင်းသင်းကို နောက်တယ်ပေါ့လေ’

ကပ္ပတိန်ကိုကိုကျော်သည် သင်းသင်း၏ အမူအယာလေးကို ကြည့်ကာ သဘောကျရီမောနေ ၏ ။

ယာဉ်မောင်း ဦးချစ်လှိုင်ကြီးပင် ပြုံး နေ၏ ။

ကားသည် သမိုင်းလမ်းဆုံသို့ ရောက်ကာနီးတွင် သင်းသင်းက

‘ဒါနဲ့ ကပ္ပတိန်အိမ်က ဘာစားခဲ့လဲ’

‘ထုံးစံအတိုင်း ဘာမှမစားခဲ့ဘူး။ လေဆိပ်ရောက်တော့မှပဲ တစ်ခုခုစားတော့မယ်’

‘ဒီလိုဆို သမိုင်းလမ်းဆုံက မုန့်ဟင်းခါးဝင်စားရအောင်လေ’

‘ဒီကောင်မလေး ဒါပြောမယ်ဆိုတာ ငါသိသားပဲ’

ဦးချစ်လှိုင်က ဝင်ပြောလိုက်၏ ။ သင်းသင်းသမိုင်းလမ်းဆုံမှ မုန့်ဟင်းခါးကို

စွဲနေကြောင်း သူသိနေ၏ ။

‘ကောင်းသားပဲ။ အချိန်ရရင်လဲ စားကြတာပေါ့’ဟု ကပ္ပတိန် ကိုကိုကျော်က သဘောတူလိုက် လျှင်..

‘အချိန်ရတယ်မဟုတ်လား ဦးလေး’

သင်းသင်းက ဦးချစ်လှိုင်က မေးလိုက်၏ ။

‘အေးပေါ့ကွယ်၊ သင်းသင်းကို ဒီနေ့ ဆယ်မိနစ်တောင်စောပြီး ကြို လာတာဆိုတော့ ဆယ်မိနစ် အချိန်ရရတော့မှာ ပေါ့ ဟဲ..ဟဲ’

ဦးချစ်လှိုင်သည် ပြောပြောဆိုဆို ကားကို မုန့်ဟင်းခါးဆိုင်ရှေ့တွင် ထိုးရပ်ပေးလိုက် သည်။

လေယာဉ်မှူး ကြီး ကိုကိုကျော်သည် မုန့်ဟင်းခါးသုံးပွဲကိုမှာ လိုက်ပြီး သင်းသင်းခိုင်ထိုင်ရန် ခုံကို အသင့်ဆွဲပေးလိုက် သည်။

‘ထိုင်..သင်းသင်း’

သူတို့သုံးဦးသားသည် အရသာရှိလှသော မုန့်ဟင်းခါးကို ကုန်း၍ လွေးနေ□ ကတော့သည်။

ကိုကိုကျော်သည် ကုန်သွားသော မုန့်ဟင်းခါးပန်းကန်ကို ဆိုင်ရှင်အားကမ်းပေးရင်း..

‘ဟင်းရည် ယူဦးမလား’ဟူသော အမေးကို..

‘တော် ပါပြီ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်’ဟု ပြန်ဖြေလိုက်၏ ။

‘ကဲ.. သင်းသင်း နောက်ထပ်ထည့်၊ ဦးလေးဦးချစ်လှိုင်ကော လုပ်ပါဦး’

လောကွတ်ပြုနေသော ကိုကိုကျော်၏ အသံတွင် အလုပ်ခွင်သို့ ရောက်ရန် စိတ်စောမှု ပါနေ ကြောင်း ပေါ်လွင်ထင်ရှားနေ၏ ။

'တော် ပြီ ကပ္ပတိန်'

'တော် ပြီ'

သင်းသင်းနှင့် ဦးချစ်လှိုင်တို့သည် ပြိုင်တူပင်ဖြေလိုက်ကြပြီး ထိုင်ရာမှ ထလိုက်ကြ၏ ။

ကျသင့်ငွေကို ကိုကိုကျော်က ပေးရှင်းပြီးသော အခါ သုံးဦးသား ကားပေါ်သို့ တက်ကာ တွဲ ဘက် လေယာဉ်မှူး ဇော်ဝင်းမြင့်၏ အိမ်ဆီသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

ကြိုတင်ပြင်ဆင်မှု အမြဲရှိနေတတ်သော တွဲ ဘက်လေယာဉ်မှူး ဇော်ဝင်းမြင့်သည် ကားဆိုက် လိုက်သည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်မှ ကြော့ကြော့မော့မော့ ဆင်းလာ၏ ။

'တို့မင်းသား ကတော့ အမြဲရှိုးနဲ့ပဲဟေ့' ကိုကိုကျော်က ဇော်ဝင်းမြင့်ကို လှမ်းကြည့်ရင်း နှုတ်မှ ထုတ်ဖော်မှတ်ချက်ချလိုက်မိသည်။

'ဒီနေ့ သင်းသင်းနဲ့ သွားရမှာ ဆိုတော့ ပိုရှိုးလုပ်ရတာ ပေါ့ ကပ္ပတိန်'

ဇော်ဝင်းမြင့်က ကပ္ပတိန်ကိုကိုကျော်နှင့် ယှဉ်၍ ဝင်ထိုင်ရင်း သင်းသင်းကို ပြုံးစစကြည့်ကာ ပြောလိုက်သည်။

'ဟင်း နော်.. မိုးတောင်မလင်းသေးဘူး စိတ်က ဖောက်လာပြီ'

သင်းသင်းက ချစ်စဖွယ် မျက်စောင်းကလေးခဲ၍ ပြောလိုက်ပုံကို ဇော်ဝင်းမြင့်နှင့် ဦးချစ်လှိုင်ကြီး တို့က သဘောတွေ ့သွားပေမယ့် ကိုကိုကျော် ကတော့ မပြုံး မရီသော မျက်နှာထားဖြင့် ရှိနေ၏ ။

တွဲ ဘက် လေယာဉ်မှူး ဇော်ဝင်းမြင့်က သင်းသင်းခိုင်နှင့် သက်တူရွယ်တူ။ ရုပ်ရည်မှာ လည်း ခေသူမဟုတ်။ ပြီးတော့ သူက လူပျို တစ်ယောက် ၊ သည်တော့ သင်းသင်းခိုင်ကို ပြောင်ပြောင်တင်း တင်းပင် နောက်ပိုးနေနိုင်၏ ။ ဒါကို ကိုကိုကျော်၏

စိတ်ထဲတွင် မချိတင်ကဲ ဖြစ်နေ၏ ။

'ဟဲ့.. ငါနဲ့ဘာဆိုင်လို့လဲ။ သူတို့ လူပျိုအပျို ချစ်ကြ၊ ကြိုက်ကြတော့ကော ဘာဖြစ်သလဲ။ ငါက ဘာကြောင့် အလိုလို သဝန်ကြောင်နေရတာ လဲ'ဟု သူ့ကိုယ်သူ ဆုံးမနေရပေသည်။

ထို့ကြောင့် ပင် ကိုကိုကျော်သည် သင်းသင်းခိုင်နှင့် ဆက်ဆံရေး တွင် အထူးသတိထား၏ ။ ဘေးမှကြည့်၍ မလျော်မည့် အပြုအမူ အပြောအဆိုမျိုးကို ရှောင်ရှား၏ ။ သူ့ခံစားချက်တို့ကို သူ ပြန် မယုံသလိုရှိနေရသည်။ ဤအ ဖြစ်ကို သူမနှစ် မြို့ ပါ။

သူတို့နှစ် ဦးညားကာစက ပျော်လိုက်သည် ဖြစ်ခြင်း။ သည်နောက်တော့ တဖြည်းဖြည်း မိမိမော် မှာ ကိုကိုကျော်၏ ဘဝကို စိတ်ဝင်စားမှု နည်းလာကာ သူ့ကိုယ်သူ အလှပြုပြင်ခြင်း၊ ပျော်ပွဲရွှင်ပွဲသွားခြင်း တို့ဘက်ကိုသာ အလေးထားကာ လေတော့သည်။

တစ်နေ့ကုန် လေယာဉ်ပျံသန်းရ၍ မောပန်းနွမ်းနယ်လာသော ကိုကိုကျော်အိမ်သို့ ပြန်ရောက် လျှင်...

'ကိုကိုကလဲ နောက်ကျလိုက်တာ မော်ဖြင့် စောင့်ရတာ စိတ်မရှည်တော့ဘူး။ ဒီမှာ ၆ နာရီခွဲပွဲ လက်မှတ်တွေ ဝယ်ထားတယ်'

ဟူသော မိမိမော်၏ ငြူငြူစူစူ ပြောသံက ဆီးကြိုနေပေတတ်သည်။

'အော် မော်ကလဲကွာ Flight က ဒီအချိန်မှ ပြန်ရောက်တာကိုး။ ကိုယ် ဘယ်တတ်နိုင်မလဲ။ နောက်ပြီး ကိုယ်လဲ သိပ်ပင်ပန်းလာတယ်ကွာ'

ဟု ပြန်ဖြေလိုက်လျှင်ကား မိမိမော်သည် မျက်ရည်ဝိုင်းနေသော မျက်လုံးများ ဖြင့် သူ့ကို ခေတ္တ စိုက်ကြည့်ကာ စီးထားသော ဒေါက်မြင့်ဖိနပ်ကို တဂွပ်ဂွပ်မည် အောင် ဆောင့်နင်းရင်း အိပ်ခန်းတွင်းသို့ ပြေးဝင်ပြီး ချုံးပွဲချငိုလေတော့သည်။

သည်တော့ ကိုကိုကျော်ခမျာ သက်ပြင်းချပြီး နောက်ကလိုက်သွားကာ ပြေရာပြေကြောင်း ချော့မော့၍ ရပ်ရှင်သို့ လိုက်ရရှာသည်။

ဤသို့ သော အ ဖြစ်မျိုးကြုံဖန်များ လာသော အခါ ကိုကိုကျော်မှာ ဇနီးသည်မိမိမော်၏ အလိုကို လိုက်ဖြည့်နိုင်စွမ်းမရှိတော့ပေ။

သည်အခါကျတော့ မိမိမော်သည် မိမိထင်ရာကို တစ်ကိုယ်တည်းစိုင်းတော့သည်။

ယခုတော့ ကိုကိုကျော် အိမ်ပြန်ရောက်လာလေတိုင်း

'မမ ရုပ်ရှင်သွားတယ်'

'မမ ပါတီသွားတယ်'

ဟူသော အိမ်ဖော်မကလေး၏ အဖြေကိုသာ ကြားနေရပေတော့သည်။

အိမ်ရှင်မတစ်ဦး၏ တာဝန်ဝတ္တရားများ ကို ထမ်းဆောင်ရန် မိမိမော်တွင် ဆန္ဒလည်းမရှိ၊ အချိန်လည်းမရတော့ပေ။

သင်းသင်းခိုင်၏ မိန်းကလေးပီသလှသော အနေအထိုင်ကြင်နာယုယသော အပြု အစုတို့ကို တွေ့မြင်ဖန်များ လာသော အခါ ကိုကိုကျော်သည် ဆန့်ကျင်ဘက် ဖြစ်နေသော သူ့ဇနီးမိမိမော်နှင့် နှိုင်း ယှဉ်ကြည့်မိလာ၏ ။

သို့ ပေမယ့် မိမိဘ၀ မိမိအကြောင်း မည် သို့ ပင်ရှိစေကာမူ ကပ္ပတိန် ကိုကိုကျော်သည် သစ္စာနှင့် သမာဓိကို မည် သည့်အခါမှ အတိမ်းအစောင်း အယွင်းအမှား ခံတတ်သူ မဟုတ်ပေ။

ယင်းသို့ သော တည်ကြည်ဖြောင့်မတ်မှု များ ကြောင့် မိတ်ဆွေရောင်းရင်းများ က သူ့ကိုလေးစား ကြသည်။ ခင်မင်မှု ပိုကြသည်။

သူတို့များ ထဲတွင် သင်းသင်းခိုင် တစ်ယောက် လည်း ပါဝင်ခဲ့ပေ၏ ။

*

# အခန်း (၂)

လေယာဉ်မောင် စောဦးကို ကြိုပြီးနောက် ကားသည် မင်္ဂလာဒုံလေဆိပ်ဆီသို့ ဦးတည်မောင်း နှင်လာ၏ ။

လေယာဉ်သားများ အတွက် ပြင်ဆင်ထားသည့် စည်းကမ်းချက်နှင့် အညီ သူတို့လိုက်ပါပျံသန်းရ မည့် လေယာဉ်ထွက်ခွာချိန်ထက် ၄၅ မိနစ် စော၍ သင်းသင်းတို့အဖွဲ့သည် လေဆိပ်သို့ ရောက်ခဲ့ရလေ ပြီ။

ပျံသန်းရေး ရုံးခန်းမှာ ယနေ့အဖို့ ပျံသန်းရမည့် လေယာဉ်သားများ တဖွဲဖွဲရောက်လာနေသဖြင့် စည်ကားလျက်ရှိ၏ ။

Stand by one (အရန်တာဝန်အဆင့် ၁)တာဝန်ကျနေသော လေယာဉ်မယ်ကလေး အေးအေး နိုင်သည် သင်းသင်းခိုင်ကို တွေ့ရလျှင် အပြုံး ဝေသော မျက်နှာကလေးဖြင့် အခန်းဝမှ ဆီးကြိုကာ

'ဟော့ သင်းသင်း... အေးက သင်းသင်း ဒီနေ့ လိုက်မှလာပါ့မလားလို့။ ခုနက ဟို ကပ္ပတိန် မောင်မောင်တင့်ကြီးက သင်းသင်းခွင့်စာပေးလိုက် တယ်ဆိုလို့'

မောင်မောင်တင့်ကြီး စကားများ ယုံရန်ကောအေးရယ်။ ကိုယ်မလာရင် Flight လိုက်ရမှာ စိုးလို့ သိပ်စိတ်ပူနေတယ်ပေါ့လေ'

'ဒါပေါ့ သင်းသင်းရဲ့ ။ သင်းတို့ flight က အရှည်ကြီးဥစ္စာ။ ညနေ ၆ နာရီ ပြန်ရောက်ရင် ကံကောင်း'

'ခုတော့ စိတ်အေးသွားပြီလား'

'၇၅ ရာခိုင်နှုန်းတော့ အေးပြီဆိုပါတော့။ ကြည်ကြည်ဝင်းက ရှိသေးတယ်။ သူက သိပ်စိတ်ချရ တာမဟုတ်ဘူး ကိစ္စတကယ်များ တယ်။ ဒါပေမဲ့ သူ့ flight က စောစောပြန်ရောက်မှာ ဆိုတော့ လိုက် သွားရရင်တောင် တော် သေးတာပေါ့'

အေးအေးနိုင်သည် သူ့ကိုယ်သူ ဖြေသိမ့်နေ၏ ။

'သိပ်လဲ စိတ်မအေးနေနဲ့ဦးအမိ။ သင်း သိပ်နေမကောင်းဘူး'

'တကယ်ပြောနေတာလား'

အေးအေးနိုင်သည် သင်းသင်းခိုင်၏ လက်ကောက်ဝတ်ကလေးကိုဆုပ်ကိုင်၍ ကသောကမျော မေးနေ၏ ။

'ဟုတ်တယ် တာဝန်ချထားပြီးမှ ခွင့်ယူရန် ပျံသန်းရေး ဌာနကိုလိုက်လာပြီးမှ ယူရမယ်ဆိုတဲ့ Orber (အမိန့်)ထုတ်ထားလို့သာလိုက်လာရတာ ။ ခု ဆေးခန်းသွားပြီး ဆရာဝန်နဲ့တွေ့မလို့။ ဆေးခွင့် ရရင် အေးအေးကိုယ့် Flight လိုက်သွားပေတော့'

သင်းသင်းခိုင်က မှင်သေသေပြောလိုက်သဖြင့် အေးအေးနိုင်ခမျာ မရှုနိုင်ရှာပါတော့ချေ။

'ဒုက္ခပါပဲ။ ဒါကြောင့် Rostering (တာဝန်ချထားရေး )ကို ပြောတယ်။ ဒီနေ့ off (ရက်အား)ပေး ပါလို့။ လူမရှိလို့ ဆိုပြီး Stanb dy one တော့လုပ်ပေးပါတဲ့။ ခုတော့ အားလုံးတလွဲတွေ ဖြစ်ကုန်တော့ မယ်။ သူတို့ ကတော့ ဘယ်ကိုချင်းစာပ့ါမလဲလေ၊ သူတို့လိုက်ရတာ မှ မဟုတ်တာ'

အေးအေးနိုင်က မဲ့မဲ့ရွဲ့ရွဲ့ကလေးပြောနေသည်ကို သင်းသင်းခိုင်က သဘောကျစွာ ကြည့်နေပြီး

'အေးကလဲကွာ Stanb dy one ကျမှတော့ ဘာလို့ Flight လိုက်ရမှာ ကြောက်နေရတာ လဲ။ Stanb dy ဆိုတာ လိုအပ်ရင်သုံးဖို့ထားတာမဟုတ်လားလို့'

'မဟုတ်ဘူး သင်းသင်းရဲ့ ဒီနေ့မှ ကိုယ်ကအရေး ကြီးတဲ့ ကိစ္စချိန်းထားတာရှိနေလို့'

'ဘယ်သူနဲ့လဲ'

ကိုယ့်အမနဲ့ပါ'

‘တကယ်ပြောတာလား၊ ကိုယ်တော့မယုံပေါင်’

သင်းသင်းခိုင်က နှာခေါင်းလေးရှုံ့ကာ ပြောလိုက်၏ ။

‘တကယ်ပါကွာ။ မင်းက ဘာလို့ ဒီလောက်တောင် မသင်္ကာရှိနေရတာ လဲ’

အေးအေးနိုင်က ဒေါသသံ လေးနှင့် မခံချိမခံသာ ပြန်ပြော၏ ။

‘စိတ်မဆိုးပါနဲ့ကွာ။ ကိုယ်ကအဆက်နဲ့ ချိန်းထားတာဆိုရင် ခွင့်မယူတော့ဘဲ Flight လိုက်သွား ပေးမလို့ပါ ဟဲ..ဟဲ’

သင်းသင်းခိုင်က ပြုံး စစ မျက်နှာထားဖြင့် ပြောလိုက်၏ ။

ဒီတော့ အေးအေးနိုင်ခမျာ ရှက်ကိုးရှက်ကန်းနှင့်

‘အေးပါ သူငယ်ချင်းရာ။ တတ်နိုင်ရင် ကူညီပါတယ်။ သိပ်အရေး ကြီးလို့ပါ။ ဒီနေ့ လိုက်သွားပေး ပါနော်။ နောက် သင်းသင်းကိစ္စမရှိရင်လဲ ကိုယ်လိုက်ပေးပါမယ်ဟယ်’

သင်းသင်းခိုင်သည် အေးအေးခိုင်နှင့် စကားဖြတ်ပြီး ပျံသန်းရေး ရုံးခန်းတွင် းသို့ ဝင်ရောက်ကာ မိမိရောက်သည့်အချိန်ကို ကောင်တာပေါ်တွင် အသင့်ထားရှိသည့်ဇယားတွင် ရေး မှတ်ကာ လက်မှတ် ရေး ထိုးလိုက်သည်။

ပြီးလျှင် မိမိခရီးစဉ်တွင် တစ်နေ့တာ အ ဖြစ်အပျက်များ ကို အစီရင်ခံရန် ပုံစံစာရွက်တစ်စုံကို ရယူလိုက်သည်။

သင်းသင်း CHIEF ဘီမှာ FRESHER (အနံ့သတ်ဆေး)နဲ့ AEROSOL (ပိုးသတ်ဆေး) ဘူးသွား ထုတ်လိုက်ဦး။ ကိုယ် TRAFIC (ပို့ဆောင်ရေး )မှာ သွား CHECK လုပ်လိုက်ဦးမယ်’

‘ဟုတ်ကဲ့ ကိုစောဦး’

တွဲ ဘက်လေယာဉ်မှူး ဇော်ဝင်းမြင့်သည် တာဝန်ကျပျံသန်းရေး လက်ထောက်ထံမှ FLIGHT PLAN (လေယာဉ်ပျံသန်းမှု ကြို

တင်တွက်ချက်ထားသည့်ဇယား)ကို စစ်ဆေး၍ ယူလိုက်ပြီး NAVI GRRION BAG (မြေပုံနှင့် လေယာဉ်ပျံသန်းရေး ဆိုင်ရာ စာအုပ်စာတမ်းများ ထည့်သည့်အိတ်)ကို စစ်ဆေးကြည့်ရှုနေ၏ ။

ကပ္ပတိန်ကိုကိုကျော်သည် မိုးလေဝသ ခန့်မှန်းချက်စာရွက်ကို ကြည့်ရှုလေ့လာပြီးနောက် တာဝန်ကျရေဒီယိုအရာရှိ အုန်းမြိုင်ထံမှ ဟဲဟိုးနှင့် မန္တလေးမြို့များ ၏ လက်ရှိ မိုးလေဝသအခြေအနေ သတင်းပို့ချက်ကို ရယူလေ့လာလိုက်သည်။

ယနေ့ပျံသန်းရမည့် ခရီးစဉ်တွင် မန္တလေးမြို့ မပါဝင်သော် လည်း အကယ်၍ အကြောင်းတစ်ခုခု ကြောင့် ဟဲဟိုးမြို့ တွင် မဆင်းသက်နိုင်ပါက မန္တလေးမြို့ ကို ALTERNATE (အရန်လေယာဉ်ကွင်း) အသုံးပြုမည် ဖြစ်သည်။

သင်းသင်းခိုင်သည် လေယာဉ်မောင်ချုပ်သူရထံမှ ဆေးဘူးနှစ် ဘူးကို ထုတ်ယူပြီးလျှင် မိမိလိုက်ပါရမည့် ဖရင်းရှစ်လေယာဉ်အမှတ် အိပ်(စ)ဝိုင် အေဒီအို (XY-ADO) ပေါ်သို့ တက်ခဲ့လေ သည်။

ဦးစွာ သင်းသင်းခိုင်သည် အနံ့သတ်ဆေးနှင့် ပိုးသတ်ဆေးများ ကို လေယာဉ်ကိုယ်ထည် တစ်ခု လုံးတွင် ပက်ဖျန်းလိုက်သည်။

ပြီးလျှင် စားသောက်ရေး ဆိုင်ရာပစ္စည်းများ ကို စစ်ဆေးရန် PANTRY ခန်းထဲသို့ ဝင်ခဲ့ပေသည်။

ခရီးသည်များ ကို တိုက်ကျွေးရန် လက်ဖက်ရည်၊ ကော်ဖီ၊ သကြားလုံး၊ ဘီစကွတ်မုန့်၊ သောက် ရေ၊ SIGK-BAG (မူးမော်လျှင်အသုံးပြုသည့် ရေလုံအိတ်) သတင်းစာ၊ ပန်းကန်ခွက်ယောက် စသည်တို့ စေ့စုံစွာ ပပါမပါ စစ်ဆေးကြည့်ရှုပြီးသော အခါ လက်ဖက်ရည်နှင့် ကော်ဖီပုံးများ ကို အပူဓာတ်ပေးရန် လျှပ်စစ်စက်ခလုပ်ကို ON နေရာတွင် တင်ထားလိုက်သည်။

စားသောက်မှု ဆိုင်ရာကို စစ်ဆေးပြီးလျှင် သင်းသင်းခိုင်သည် ထိုင်ခုံ (၄၄)ခုံ ပြည့်မပြည့် ရေတွက်လိုက်၏ ။ ပြီးတော့ GABIN-LIGHT (လေယာဉ်ကိုယ်ထည်ခန်းတွင်

းမှမီး) EMERGEN CY LIGHT (အရေး ပေါ်အသုံးပြုရန်မီး)များ လင်းမလင်းကို စစ်ဆေးနေပြန်၏ ။ အိမ်သာခန်းတွင် ရေဆွဲ၍ ရမရ၊ Toiler Paper roll (စက္ကူလိပ်) ရှိမရှိကိုပါ စစ်ဆေးပြီးတော့မှ sick bag များ ကို ခရီးသည် ထိုင်ခုံ များ နောက်တွင် ရှိသည့်အိတ်များ တွင် လိုက်လံထည့်ပေးလိုက် သည်။

သင်းသင်းခိုင်က မိမိတာဝန်ကို လစ်ဟင်းမှု မရှိစေရန် ဆောင်ရွက်နေစဉ်တွင် လေယာဉ်မောင် စောဦးမှာ ပို့ဆောင်ရေး အမှု ထမ်းများ နှင့် ကုန်ပစ္စည်းတင်မှု တွင် လုံးပန်းနေပေသည်။

တစ်ချိန်ထဲမှာ ပင် ကပ္ပတိန်ကိုကိုကျော်နှင့် တွဲ ဘက်လေယာဉ်မှူး ဇော်ဝင်းမြင့်တို့မှာ သတ်မှတ် ထားသည့် စည်းကမ်းချက်အတိုင်း လေယာဉ်ကို Pref lightexter Nalcharge လေယာဉ်မပျံသန်းမီ ပြုလုပ်လျက်ရှိကြသည်။

လေယာဉ်ဘီးများ အခြေအနေကောင်းမကောင်း၊ အင်ဂျင်စက်များ မှ ဆီယိုမှု ရှိမရှိ။ လေယာဉ် ကိုယ်ထည်တွင် အနာအဆာ ရှိမရှိ စသည်တို့ကို လေယာဉ်ပတ်လည်လျှောက်၍ စစ်ဆေးကြည့်ရှုပြီး ကျေနပ်တော့မှ နှစ် ဦးသားလေယာဉ်စက်ခန်းအတွင် းသို့ တက်သွားကြလေသည်။

ကိုကိုကျော်က လေယာဉ်မှူး ၏ ထိုင်ခုံ ဖြစ်သော ဘယ်ဘက်ထိုင်ခုံတွင် ဝင်ထိုင်၍ ဇော်ဝင်းမြင့်က တွဲ ဘက်လေယာဉ်မှူး များ ၏ လက်ျာဘက် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

HEAD PHONE (နားကြပ်)များ ကိုယ်စီတပ်လိုက်ကာ ဇော်ဝင်းမြင့်က မင်္ဂလာဒုံလေဆိပ်ထိန်း သိမ်းရေး ဌာန၊ မင်္ဂလာဒုံ လေယာဉ်ကွင်းထိန်းဌာနတို့နှင့် သက်ဆိုင်ရာရေဒီယိုလှိုင်းများ မှတဆင့် ရေဒီယိုစက်များ ကို စမ်းသပ်နေ၏ ။ ကိုကိုကျော်ကမူ Check List အရ လိုအပ်သည့် စစ်ဆေးမှု များ ကို အစီအစဉ်အတိုင်း ပြုလုပ်နေ၏ ။

စစ်ဆေးမှု များ ပြီးဆုံးသော အခါ ဇော်ဝင်နိုင်က stan by vhe (အရန် vhr ရေဒီယို) ကနဲနဲ weak (အားနည်း) တယ် ကပ္ပတိန်။ Radio man ခေါ်ပြင်ခိုင်း

လိုက်ရမလား’ ဟု မေးလိုက်ရာ

ကိုကိုကျော်က လက်မှနာရီကို ကြည့်လိုက်ပြီး

‘ထွက်ဖို့ နာရီဝက်တောင်မလိုတော့ဘူး။ ပြင်ဖို့အချိန်ရမယ်မထင်ဘူး။ main set က ကောင်းတယ်မဟုတ်ဘား

‘ဟုတ်ကဲ့ main set ကတော့ Perfect ပါပဲ’

‘ကဲ ဒီလိုဆို မပြင်ခိုင်းဘဲနဲ့တော့ technicallog ထဲမှာ သာ မှတ်ထားလိုက် ပြန်ရောက်မှ ပြင်ပေစေတော့’

ဇော်ဝင်းမြင့်သည် Vhe radid အားနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရေး သွင်းလိုက်သည်။

ကုန်ပစ္စည်းတင်သည့်လုပ်ငန်းမှာ လည်း ပြီးဆုံးတော့မည် ဖြစ်ရာ ကိုကိုကျော်သည် လေယာဉ်ခန်းမကြီးတွင် းသို့ ဝင်ရောက်ကာ ထိုင်ခုံများ သန့်ရှင်းမှု ရှိ၊ မရှိ ကြည့်ရှုပြန်သည်။ အိမ်သာ တွင် းသို့ ပစ်ဝင်ရောက်ကာ စစ်ဆေးလိုက်သေးသည်။

ကပ္ပတိန် ကိုကိုကျော်မှ စည်းကမ်းကြီးသူ၊ စေ့စပ်သေချာသူအ ဖြစ် လုပ်ဖော်ကိုင်ဘက်များ က သတ်မှတ်ထားကြသည်။

အိမ်သာထဲမှ ပြန်ထွက်လာသော အခါ တိတ်ရီကော်ဒါစမ်းသပ်နေသော သင်းသင်းခိုင်အား toiler ထဲမှာ ဆက်ပြာရည် နည်းနေတယ်။ သင်းသင်း ထပ်ဖြည့်နိုင်ရင် ကောင်းမယ်ထင်တယ်

‘ဟုတ်ကဲ့ ကျွန်မ ပြောပြီးပါပြီ ကပ္ပတိန်’

ကိုကိုကျော်နှင့် အတူ တာဝန်ကျလျှင် လေယာဉ်သားတိုင်းသည် သာမန်ထက်ပို၍ ဂရုတစိုက် လုပ်ဆောင်ကြသည်။

ကိုကိုကျော်သည် လေယာဉ်အောက်သို့ ဆင်းကာ လက်စသတ်နေသော ကုန်ပစ္စည်းတင်ခြင်း ကို ကြည့်ရှုနေ၏ ။

'အားလုံးအဆင်ပြေရဲ့လား ကိုစောဦး'

'ဟုတ်ကဲ့ အဆင်ပြေခဲ့ပါတယ် ကပ္ပတိန်၊ ပြီးပါပြီ LOAD SHEET (အလေးချိန်ညှိဇယား)လဲ အသင့် ဖြစ်နေပါပြီ'

ပို့ဆောင်ရေး လက်ထောက်သည် LOAD SHEET ကို အသင့်ထိုးပေးလိုက်ရာ ကိုကိုကျော်က စစ်ဆေးကြည့်ရှုပြီး လက်မှတ်ထိုးပေးလိုက် သည်။

ဤတွင် လေယာဉ်မှာ ခရီးစဉ်ကို စတင်ရန်အသင့် ဖြစ်နေတော့သည်။

ပို့ဆောင်ရေး လက်ထောက်က လက်ကိုင် ရေဒီယိုစက်မှအသံလွှင့်ခလုတ်ကို နှိပ်လိုက်ပြီး

'ပြန်ကြားရေး ဌာန ပို့ဆောင်ရေး ခေါ်နေပါတယ်'ဟု ပြောပြီး ခလုတ်ကို ပြန်လွှတ်လိုက်၏ ။ ချက်ချင်း ပင်

'ပြန်ကြားရေး ထူးနေပါတယ်၊ ပြောပါ'

ကြည်လင်သော မိန်းကလေးအသံသည် ရေဒီယိုစက်မှ ပေါ်ထွက်လာရာ

'ခရီးစဉ်အမှတ် ယူဘီ ၆၄၁၊ လေယာဉ်ပေါ်တက်ခွင့်လက်မှတ် အဝါရောင် ၊ ခရီးသည်များ လေယာဉ်ပေါ်တက်ရန် ကြေညာပါ'

'ကောင်းပါပြီ'

လေဆိပ်အဆောက်အအုံထဲတွင် အချက်ကျသည့်နေရာများ ၌ တပ်ဆင်ထားသည့်အသံချဲ့စက် များ မှ

'ကျေးဇူးပြု၍ နားဆင်ပါရှင်'

လေယာဉ်ပေါ်တက်ခွင့်လက်မှတ်အဝါရောင် များ ကိုင်ဆောင်ထားသော ခရီးစဉ်အမှတ် ခြောက်ရာလေးဆယ့်တစ်ဖြင့် ဟဲဟိုး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့ များ သို့ လိုက်ပါမည့် ခရီးသည်များ ယူဘီအေလေယာဉ်အမှတ် အိပ်ဖ်စ်၊ ဝိုင်၊ အေဒီအိုပေါ်သို့

ကြွကြပါရှင်။ ကျေးဇူးတင်ပါရှင်’

ငြိမ်၍ နားစွင့်နေသော ခရီးသည်များ ထဲမှ ထိုခရီးစဉ်ဖြင့် လိုက်ပါမည့် ခရီးသည်များ သည် မိမိတို့ ၏ လက်ဆွဲပစ္စည်းများ ကို ကိုယ်စီကိုင်စွဲကာ လေယာဉ်ဆီသို့ ထွက်ခွာသွားကြလေသည်။

သင်းသင်းခိုင်သည် လေယာဉ် Main-Door (တံခါးပေါက်ကြီး)တွင် ရွှင်ပြုံးသော မျက်နှာကလေး ဖြင့် ရပ်ကာ ခရီးဦးကြိုနေ၏ ။

ကလေးက တစ်ဘက်၊ လက်ဆွဲအိတ်ကတစ်ဖက်နှင့် မနိုင်မနင်း ဖြစ်နေသော ခရီးသည်အမျိုး သမီးကိုတွေ့လိုက်လျှင် သင်းသင်းခိုင်သည် လေယာဉ်ပေါ်မှဆင်းကာ ကလေးငယ်ကိုချော့မြူ၍ ခေါ် ဆောင်လိုက်သည်။

‘ကျေးဇူးပါပဲရှင်’

ခရီးသည်အမျိုးသမီးထိုင်ခုံတွင် နေရာယူပြီးကာမှ သင်းသင်းခိုင်သည် ကလေးငယ်ကို မိခင်၏ ပေါင်ပေါ်သို့ တင်ပေးလိုက် သည်။

အမျိုးသမီးကြီးက ထပ်မံ၍ ကျေးဇူးတင်စကား ပြောကြားသော အခါ သင်းသင်းခိုင်က လှိုက်လှဲစွာ ပြုံး ပြလိုက်သည်။

လေယာဉ်၏ နောက်ဆုံးဘယ်ခုံနှစ် ခုတွင် နေရာယူထားကြသည့် လူငယ်နှစ်ဦးအနက်မှ တစ်ဦး သည် သင်းသင်းခိုင်၏ လှုပ်ရှားမှု များ ကို မှင်သက်မိသလို ကြည့်နေသည်ကိုကား သင်းသင်းခိုင်သည် သတိမမူနိုင်ဘဲရှိ၏ ။

ခရီးသည်များ အားလုံး ထိုင်မိကြသည့်အခါတွင် လေယာဉ်မောင်စောဦးက စာရင်းပါအတိုင်း ဦးရေကိုက်မကိုက် စစ်ဆေးပြီး ကိုက်ညီကြောင်း တွေ့ရှိသော အခါတွင် ပို့ဆောင်ရေး လက်ထောက် အား သတင်းပို့လိုက်ပြီး တံခါးမကြီးကိုပိတ်ရန် အချက်ပေးလိုက်သည်။

ထို့နောက် စက်ခန်းတွင်းသို့ ဝင်သွားကာ ပါရှိသည့် ခရီးသည်ဦးရေကို

ကပ္ပတိန်ထံ သတင်းပို့ လိုက်သည်။

သင်းသင်းခိုင်က နေသားတကျ မရှိသေးသည့်ခရီးသည်များ ကို ကူညီနေရာချထားပေးပြီး ထိုင်ခုံခါးပတ်များ ပါတ်ထားကြရန် သတိပေးပြောဆိုနေ၏ ။

စောဦးလည်း စက်ခန်းမှပြန်ထွက်လာကာ သီးသန့်ထားသည့်ထိုင်ခုံတွင် နေရာယူလိုက်သည်။

ကပ္ပတိန်ကိုကိုကျော်နှင့် တွဲ ဘက်လေယာဉ်မှူး ဇော်ဝင်းမြင့်တို့သည် နားကြပ်ကိုယ်စီတပ်လိုက် ကြကာ-

ကိုကိုကျော်က

‘မင်္ဂလာဒုံ လေယာဉ်ကွင်းထိန်းသိမ်းရေး XyaÐo ခေါ်နေပါတယ်’

‘XyaÐo ဒီမှာ မင်္ဂလာဒုံလေယာဉ်ကွင်းထိန်းသိမ်းရေး ပြောပါ’

‘စက်နှိုးခွင့်ပေးပါ’

‘စက်နှိုးနိုင်ပါတယ်’

လေယာဉ်စက်နှစ် လုံးသည် တစ်လုံးပြီးတစ်လုံး ဆူညံစွာ အသက်ဝင်လှုပ်ရှားလာကြပြီး ပန်ကာများ မွှတ်နေအောင် လည်နေကြ၏ ။

ကိုကိုကျော်နှင့် ဇော်ဝင်းမြင့်တို့သည် စက်တစ်လုံးစီ၏ အခြေအနေကိုဖော်ပြနေသော ဒိုင်ခွက် များ မှ လှုပ်ရှားနေသည့် လက်တံများ ကို မျက်ခြေမပြတ် စောင့်ကြည့်နေကြ၏ ။ စက်နှစ် လုံးစလုံး ချို့ယွင်းချက်မရှိဘဲ မှုမှန်ကြောင်း တွေ့ရှိရသော အခါ-

မင်္ဂလာဒုံလေယာဉ်ကွင်းထိန်း Xyado လေယာဉ်ပြေးလမ်းသို့ ထွက်ခွာခွင့်ပေးပါ’

‘ကောင်းပြီ လေယာဉ်ပြေးလမ်း (၀၃) ရပ်တန့်ရာနေရာကို ထွက်ခွာပါ။

မြေပြင်လေ ၃၀၀ ဒီဂရီမှ ၁၀ မိုင်နှုန်း။ အပူချိန် ၃၅ ဒီဂရီ စင်တီဂရိတ်။ ပင်လယ်ပြင်လေဖိအား ၁၀၀၀ မီလီဘား’

‘ကောင်းပြီ Xyado’

ကိုကိုကျော်သည် သူ့ဘေးရှိ ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်ရာ အတားအဆီးမရှိ ကင်းရှင်းကြောင်း တွေ့ရသည့်အခါ တွဲ ဘက်လေယာဉ်မှူး ဘက်သို့ လှမ်းကြည့်လိုက်သည်။

ဇော်ဝင်းမြင့်လည်း သူ့ဘက် ပြတင်းပေါက်မှ အပြင်သို့ ခေါင်းပြူကြည့်လိုက်ပြီး ရှင်းလင်း ကြောင်း တွေ့ရှိရသဖြင့် လက်မကို ထောင်ပြလိုက်သည်။

ကိုကိုကျော်သည် ဘရိတ်များ ကို အသာလွှတ်ပေးလိုက် ပြီး စက်အရှိန်ကိုမြှင့်တင်လိုက်ရာ လေယာဉ်မှာ စတင်ရွေ့လျားလာလေသည်။ လေယာဉ်နှာဖျားရှိ ဘီးကိုပဲ့ကိုင်ပေးလိုက် ကာ လေယာဉ် ပြေးလမ်း (၀၃)ထိပ်ရှိ ရပ်တန့်ရာနေရာဆီသို့ ဦးတည်ထွက်ခွာသွားနေ၏ ။

ထိုစဉ် ရေဒီယိုမှ

‘Xyade လေယာဉ်ကွင်းထိန်း။ Atc Clearance ပေးမယ် မှတ်သားပါ။ ဟဲဟိုးသို့ အမြင့်ပေ ၁၅၀၀၀ မှာ ကြိုတင်တင်ပြထားတဲ့လမ်းကြောင်းအတိုင်း ပျံသန်းပါ’

‘ကောင်းပါပြီ xyado’

လေယာဉ်မှာ မကြာမီပင် လေယာဉ်ပြေးလမ်း(၀၃)၏ ရပ်တန့်ရာနေရာသို့ ရောက်သွားလေ သည်။ ကိုကိုကျော်သည် ဘရိတ်အုပ်လိုက်ပြီး အင်ဂျင်စက်များ ကို အားကုန်ဖွင့်လိုက်ကာ စက်တစ်လုံး စီ၏ အခြေအနေကို ဒိုင်ခွက်များ မှတဆင့် စစ်ဆေးကြည့်ရှုလိုက်သည်။ ကျေနပ်တော့မှ စက်အရှိန်ကုန် သတ်ကာ-

‘လေယာဉ်ကွင်းထိန်း xyado လေယာဉ်တက်ခွင့်ပေးပါ။

‘xyado လေယာဉ်ကွင်းထိန်း။ တက်နိုင်ပါပြီ။ လေ ၃၀၀ ဒဂရီ၊ ၈ မိုင်၊

လေကြောင်းရှင်းတယ်'

'ကောင်းပြီ xyado'

ကိုကိုကျော်သည် စက်များ ကို အားကုန်ဖွင့်လိုက်ကာ ဘရိတ်များ ကို အသာလွှတ်ပေးလိုက် သည့်ခဏဝယ် လေယာဉ်သည် ပြေးလမ်းအတိုင်း တဟုန်ထိုးပြေး၍ အားယူကာ ထိုးတက်သွားလေ တော့သည်။

ဤအချိန်တွင် သင်းသင်းခိုင်သည် ခရီးသည်များ အား သကြားလုံးဝေငှပေးပြီးနေပြီ ဖြစ်၏ ။ ပျံသန်းမှု အစီအစဉ်ကို ခရီးသည်များ ထံ (Announce) ကြေညာရန် ကိရိယာခလုတ်ကလေးကို ဦးစွာ P.A. System တွင် ရွှေ့ထားလိုက်သည်။

ခရီးသည်အပေါင်းသည် လေယာဉ်မယ် သင်းသင်းခိုင်၏ ကြည်လင်ပြတ်သားသော အသံ ကလေးကို နားစွင့်နေကြမိပေ၏ ။

'စီးနင်းလိုက်ပါလာကြသော ခရီးသည်အပေါင်းမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေရှင်၊ လေ ကြောင်းပို့ဆောင်ရေး ကော်ပိုရေး ရှင်းမှ လေယာဉ်မှူး ဦးကိုကိုကျော်နှင့် လေယာဉ်အဖွဲ့သားများ က လှိုက်လှဲစွာ ခရီးဦးကြိုလျက်ရှိပါတယ်။ အချိန်အနည်းငယ်အတွင်း းမှ ဟဲဟိုးမြို့ သို့ စတင်ပျံသန်းပါတော့ မယ်။ အမြင့်ပေ သော င်းငါးထောင် ပျံသန်းပြီး ပျံသန်းချိန် တစ်နာရီ ဆယ်မိနစ်ခန့်ကြာပါလိမ့်မယ်ရှင်၊ ယခု လေယာဉ်စတင်ထွက်ခွာနေပြီ ဖြစ်ပါ၍ ခရီးသည်များ အားလုံး ထိုင်ခုံခါးပတ်များ အသီးသီးပတ် ထားကြပြီး ရှေ့ပိုင်းမှ အချိန်ပြမီးမငြိမ်းမီ ဆေးလိပ်များ မသောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်'

'အသံကလေးကလဲ သာယာလိုက်တာကွာ'

'အင်း မင်းတော့ခက်ပြီ ကျော်နိုင်ဦး အစကတည်းက ရထားနဲ့ပဲ သွားလိုက်ရင် အကောင်းသား'

'ပြောမနေနဲ့ ကိုယ့်လူ အကြောင်းကို တိုက်ဆိုင်လာတာ၊ ဖေဖေသာ

နေကောင်းနေတယ်ဆိုရင် ငါလဲ ခါတိုင်းလိုပဲ ရထားနဲ့ ပြန် ဖြစ်မှာ ။ ခုတော့ ရွှေဖူးစာဆုံချင်လို့ကိုးကွ ဟဲ..ဟဲ..ဟဲ'

'မင်းဟာက သူမသိ ငါပိုးအ ဖြစ်ကြီး မစွံလိုက်တာကွာ'

'ဟ ကိုယ့်လူဖြည်းဖြည်းပေါ့။ မင်းခုနက မြင်တယ်မဟုတ်လား'

'ဘာမြင်တာလဲ'

'သတင်းစာလာပေးတုန်းက ငါ့ကို ပြုံး ပြသွားတာလေ'

'တော် စမ်းပါကွာ အထင်ကြီးနဲ့ ရှုးနေလိုက်တာ မျက်နှာထားကလေးချိုချိုနဲ့ ဆက်ဆံရတာ က သူ့ဝတ္တရားကွ မင်းက အမြတ်မထုတ်ချင်စမ်းပါနဲ့ မျက်နှာထားတည်တည်ကြီးနဲ့ ဆက်ဆံတော့ လေယာဉ်မယ်ကို မာသလေး ကျောသလေးနဲ့ ပြုံး ပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေ ကျပြန်တော့လဲ သူတို့ကို ကျပြန်သတဲ့ လူတွေ ကိုးက ခက်ပါတယ်'

တင်မောင်ချိုက သာသာနှင့် နာနာနက်လိုက်ပြီး ကျော်နိုင်ဦး တစ်ယောက် မည်သို့ များ စကား တုံ့ပြန်လေမည် နည်းဟု အသာစောင်းငဲ့ကြည့်လိုက်သည်။

ကျော်နိုင်ဦး၏ အာရုံကာ လက်ဖက်ရည်လင်ဗန်းကလေးကိုကိုင်၍ လေယာဉ်ရှေ့ခန်းမှ ထွက်လာနေသော သင်းသင်းခိုင်ဆီသို့ သာ စူးစိုက်ရောက်ရှိနေသည်ကို တင်မောင်ချို တွေ့ရှိရတော့ သည်။

'ဟော့ကောင်ခေါ်တော့...'

'ရှူး '

' အသာနေစမ်းပါကွာ'

'ခက်ပြီ ဒီကောင်တော့ခက်ပြီ'

တဖြည်းဖြည်း သင်းသင်းခိုင်သည် ကျော်နိုင်ဦးနေရာသို့ ရောက်ရှိလာခဲ့၏ ။

ကျော်နိုင်ဦးသည် စိတ်ဝင်စားမှု ကို မျက်နှာတွင် ပေါ်လွင်မလာစေဘဲ

သို့သိပ်ရင်းက ကော်ဖီခွက် ကို လှမ်းယူလိုက်သည်။

ဂရုတစိုက်လှမ်းယူကာမှ ရင်တွင် းက ဂရောင် ရိုက်မှု ကြောင့် ကော်ဖီခွက်သည် သူ့လက်ထဲတွင် ဖိတ်စင်ထက်ဝက် ဖြစ်ကုန်တော့သည်။

'ဟာ...'

'အို..ဖိတ်ကုန်ပြီ'

တင်မောင်ချိုသည် ကျော်နိုင်ဦး၏ အ ဖြစ်ကိုကြည့်ကာ ဟားတိုက်ရယ်ပစ်လိုက်ချင်စိတ်များ ကို မနည်းချည်း မျိုသိပ်ထားနေရပေ၏ ။

ကျော်နိုင်ဦး၏ တက်ထရွန်ရှပ်အင်္ကျီအဖြူပေါ်တွင် စွန်းထင်းသွားသော ကော်ဖီကွက်သည် မြင်မကောင်းအောင်ရှိနေ၏ ။

'ဟင်း ဒုက္ခပါပဲဗျာ၊ အင်္ကျီအပိုတွေ ကလဲ Baggagg ထဲ ပါသွားပြီ'

ကျော်နိုင်ဦးသည် ရှုံးပွဲသွားသဖြင့် အတော် ပင်စိတ်ပျက်သွားပုံရလေသည်။

'ဒီလိုဖြင့် လဲ ရှင့်ရှပ်အင်္ကျီကိုချွတ်လိုက်လေ၊ သင်းသင်းမြင်ကောင်းအောင် လုပ်ပေးလိုက် မယ်'

'ကျေးဇူးပါပဲ ခင်ဗျာ'

ကျော်နိုင်ဦးသည် ရှပ်အင်္ကျီကိုချွတ်၍ သင်းသင်းခိုင်အား ပေးလိုက် သည်။

သင်းသင်းခိုင်သည် ရှပ်အင်္ကျီကိုယူ၍ လေယာဉ်ရှေ့ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏ ။

သည်တော့မှ ရယ်ချင်စိတ်ကို မြို့သိပ်ထားသော တင်မောင်ချိုသည် အချု ပ်အတည်းမရှိ ဟားတိုက်၍ ရယ်ပါတော့သည်။

'ဘာရယ်တာလဲကွ'

ရှုသိုးသိုးမျက်နှာဖြင့် ကျော်နိုင်ဦးက သူ့ကို ကြည့်လိုက်သည်။

'ရီစရာမို့လို့ ရယ်တာ ဘာ ဖြစ်သလဲကွ'

'ရီ...ရီ အဲဒီ မှာ သေအောင်ရယ်'

'သင်းသင်း အဲဒါ ဘယ်သူ့အင်္ကျီကြီး'

ဒု-လေယာဉ်မှူး ဇော်ဝင်းမြင့်က သင်းသင်းလက်ထဲက အင်္ကျီကို လှမ်းကြည့်ရင်း မေးလိုက် သည်။

'ခရီးသည် တစ်ယောက် ရဲ့ အင်္ကျီပါ၊ ကော်ဖီတွေ စွန်းကုန်လို့'

'သင်းသင်းကြောင့် လား'

'ဟင်..မဟုတ်ပါဘူး။ သူ့ဘာသာသူပါနော်၊ သင်းသင်းက မြင်မကောင်းလို့ ဖျက်ပေးမလို့ ယူလာတာ'

'ဧကန္တတော့ ဒီငနဲ သင်းသင်းကိုငမ်းရင်း ဖိတ်ကုန်တာ ဖြစ်မှာ ပေါ့'

ဇော်ဝင်းမြင့်၏ အပြောကို သဘောကျဟန်ဖြင့် ကပ္ပတိန်ကိုကိုကျော်သည် ပြုံး လိုက်၏ ။

'ကိုဇော် ကတော့ ပြောရော့မယ်'

သင်းသင်းခိုင်သည် ကော်ဖီများ စွန်းထင်းနေသော နေရာကို ရေဖြင့် အသာပွတ်လျှော်ပြီး အပူပေးထားသော ကော်ဖီဘူးအပေါ်တွင် သာ အသာတင်ထားလိုက်သည်။

ယင်းအခိုက် သင်းသင်းသည် မိမိဆောင်ရွက်ရမည့် အခြားတာဝန်များ ကို ဆောင်ရွက်နေပေ၏ ။

လေယာဉ်မှူး ကြီးနှင့် ဒု-လေယာဉ်မှူး အတွက် ကော်ဖီနှင့် မုန့်ပို့ပြီးချိန်တွင် ကျော်နိုင်ဦး၏ အင်္ကျီ လည်း ခြောက်သွေ့နေပြီ ဖြစ်သည်ကို တွေ့ရသည်။

သင်းသင်းခိုင်သည် သူထုတ်ထားခဲ့သော ရုပ်အင်္ကျီအိတ်ထဲမှ စာရွက်စာတမ်းများ

ကို အသာ ပြန်ထည့်ပြီး ခရီးသည်ရှိရာသို့ ထွက်လာ၏ ။

'သိပ်ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ဒေါ်သင်းသင်းခိုင်သာ မကူညီရင် ကျွန်တော်တော့ ဒုက္ခပဲ'

သင်းသင်းခိုင်က ဖော်ရွေတုံ့ပြန်သော အပြုံး ကလေးဖြင့် ကျော်နိုင်ဦးကိုတစ်ချက်ကြည့်ရှုပြီး မိမိ၏ ထိုင်ခုံတွင် သွားရောက်၍ ထိုင်ကာ လိုအပ်ပါက အကူအညီ ချက်ချင်း ပေးရန် ခရီးသည်များ ၏ အရိပ်အကဲကို စောင့်ကြည့်နေ၏ ။

စောဦးစွာ ဟဲဟိုးမြို့ မှ ပြန်အတက်တွင် တင်ဆောင်နိုင်မည့် အလေးချိန်ကို တွက်ချက်နေပေ သည်။

*

# အခန်း (၃)

လေယာဥ်ပျံသန်းချိန် မိနစ်နစ် ဆယ်ခန့်ကြာလျှင် ညာဘက်ခြမ်းမှ အလယ်ခုံတစ်ခုတွင် ထိုင်နေ သော သားသည်မိခင်ခရီးသည်မှာ လေယာဥ်မူးသည်က တစ်ဘက်၊ ကလေးငယ်အားချီထားရသည်က တစ်ဘက်နှင့် ဗျာများ နေသည်ကို သင်းသင်းခိုင် တွေ့ရ၏ ။

သင်းသင်းခိုင်သည် တုံ့ဆိုင်းမနေဘဲ ပေါ့ပါးသွက်လက်စွာ ထ၍ ယင်းအမျိုးသမီးကြီးထံ ရောက်သွားပြီး..

'အစ်မကြီး သိပ်မူးနေသလား'

'အေးကွယ်၊ စီးကျင့်မရှိတော့ တအားကုန်မူးတာပဲ'

'အန်ချင်ရင် အောင့်မထားနဲ့၊ ဟောဒီရေလုံအိတ်ကလေးထဲမှာ အန်ပစ်လိုက်။ ဒါမှ ပေါ့သွားမှာ ။ ပေး..ပေး သင်းသင်းကလေးကို ကြည့်ထားမယ်'

ပြောပြောဆိုဆို သင်းသင်းခိုင်သည် ကလေးငယ်ကိုချော့မြှူကာ အသာတကြည် ပွေ့ချီလိုက် သည်။

ခရီးသည်အမျိုးသမီးသည်ချုပ်တည်း၍ မရနိုင်သည့်အဆုံးတွင် တော့ တဝေါ့ဝေါ့ထိုး၍ အန်ပစ် လိုက်တော့သည်။

ဤတွင် ကိုစောဦးကလည်း လက်ထဲမှစာရွက်များ ကို အသာချထားခဲ့ကာ သင်းသင်းအနီးသို့ ရောက်ရှိလာပြီး ဆေးသေတ္တာထဲမှ ရှူဆေးကို ဂွမ်းစဖြင့် တို့ယူပြီး အမျိုးသမီးကြီးအား ပေးလိုက် ၏ ။

'အစ်မကြီး နည်းနည်း သက်သာသွားတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'အင်း..ဒါဖြင့် ရင် ခဏမှိန်းနေနော်။ ကလေးအတွက် စိတ်ချပါ။

သင်းသင်းကြည့်ထားမယ်’

‘ကျေးဇူးပါပဲကွယ်။ ဟောဒီ တောင်းထဲမှာ သူ့အတွက် နို့ပုလင်းလေး ပါတယ်’

သင်းသင်းခိုင်သည် ပလတ်စတစ်လက်ဆွဲခြင်းထဲမှ အမွေးပွလက်သုပ်ပုဝါလေးဖြင့် ထုတ်ထွေး ထားသည့်နို့ပုလင်းလေးကို ယူဆောင်ကာ လျှောက်ခဲ့သည်။

‘ကိုစောဦး ခရီးသည်တွေ ကို ခဏကြည့်ထားလိုက်ပါနော်။ သင်းသင်း ဒီချာတိတ်လေးကို နို့ဘူး တိုက်လိုက်ဦးမယ်’

‘အေး…အေး’

စောဦးက ခရီးသည်များ လိုအပ်သည်တို့ကို ဆောင်ရွက်ပေးနေစဉ် လေယာဉ်စက်ခန်းမှ ခေါ်သည့်အချက်ပေးသံကြား ထွက်ပေါ်လာပေ၏ ။

‘သင်းသင်း သောက်ရေ တစ်ခွက်လောက်’

တွဲ ဘက်လေယာဉ်မှူး ဇော်ဝင်းမြင့်သည် ထိုင်နေရာမှ နောက်သို့ လှည့်မကြည့်ဘဲ ရေတစ်ခွက် တောင်းလိုက်သည်။

စောဦးသည် သောက်ရေတစ်ခွက်ထည့်ယူပြီး ဇော်ဝင်းမြင့်အား ပေးလိုက် သည်။

‘ရော့..ကိုဇော်’

‘အော်..ကိုစောဦး ကျွန်တော် က သင်းသင်းမှတ်နေတာ’

‘သင်းသင်း အလုပ်များ နေတယ်ဗျ’

‘ဘာတွေ များ အလုပ်များ နေတာလဲ’

စောဦးနှင့်ဇော်ဝင်းမြင့်တို့ စကားအသွားအလာကို လေယာဉ်မှူး ကြီး ကိုကိုကျော်သည် နားစွင့် နေမိ၏ ။

‘ကလေး နို့တိုက်နေတယ်’

‘ကိုစောဦး ကတော့ လုပ်ပြီ’

‘တကယ်ဗျ၊ မယုံရင် သွားကြည့်ပါလား၊ ခရီးသည်ရဲ့ ကလေးကို နို့ဘူးတိုက်နေတာ’

‘ဒီလိုလဲ ရေရေလည်လည်ပြောပါဦးဗျာ’

စောဦးနှင့် ဇော်ဝင်းမြင့် နှစ် ယောက် သားသဘောကျနေသည်ကိုကြည့်ကာ ကိုကိုကျော်သည် လည်း ပြုံး လာမိ၏ ။

‘အင်း..ဒီလို ချစ်စရာကောင်းတဲ့အကွက်ကလေးတွေ ကြောင့် လဲ သင်းသင်းကို လူတိုင်း ခင်မင် မိကြတာထင်ပါရဲ့ ’

ကပ္ပတိန် ကိုကိုကျော်သည် ကိုယ့်အတွေ းနှင့် ကိုယ် ဦးခေါင်းကိုတစ်ချက် ဆတ်ကနဲ ညိတ်လိုက် မိပေသည်။

*

‘ဟေ့.... ကျော်နိုင်ဦး၊ ဘာတွေ များ တွေ းပြီးငိုင်နေတာလဲ’

ငြိမ်ချက်သားကောင်းနေသော ကျော်နိုင်ဦးကို တင်မောင်ချို က ပခုံးနှင့် အသာတိုက်၍ မေးနေ၏ ။

‘ဥမ္မာဒန္တီကို မြင်လို့ သိဝိဘုရင်ရူးတယ်ဆိုတာ ဟုတ်လိမ့်မယ် ကိုတင်မောင်ချို’

‘ဘယ်..ဘယ်လို’

‘ဟုတ်တယ် တင်မောင်ချို ငါ့ရင်ထဲမှာ တစ်မျိုးကြီးကို ဖြစ်လာတယ်’

တင်မောင်ချိုလည်း ကျော်နိုင်ဦး၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်လိုက်မိသည်။

ကျော်နိုင်ဦးတွင် ခံစားချက်အပြည့်နှင့် ရှိနေကြောင်း တွေ့ရှိရ၍ အံ့သြသွားမိပေ၏ ။

ကျော်နိုင်ဦးသည် မနင့် ပတ်သက်လျှင် အရှင်းဆုံးအကင်းဆုံးနေသူ ဖြစ်၏ ။ သူ ရည်းစားထား သည်ကိုပင် ရှုံ့ချခဲ့သော ကျော်နိုင်ဦး ယခုတော့ လေယာဉ်မယ်ကလေး သင်းသင်းခိုင်ကို စွဲလို့နေလေ ပြီကော..

လေယာဉ်ဆင်းကာ မီးလုံးကလေးများ ပြန်နီလာ၍ စက်အရှိန်လျှော့လာသည်ကိုတွေ့ရလျှင် သင်းသင်းခိုင်သည်ထူထူထောင်ထောင်ရှိနေပြီ ဖြစ်သော မိခင်နားတွင် ကလေးကို ပြန်အပ်ပြီး လေယာဉ်ဆင်းသက်တော့မည် ဖြစ်ကြောင်း ခရီးသည်များ အား ကြေညာလေသည်။

'ကျေးဇူးပြု၍ နားဆင်ပါရှင် အချိန်အနည်းငယ်အတွင် းမှာ ဟဲဟိုးလေဆိပ်သို့ ဆင်းသက်ပါ တော့မယ် ခရီးသည်များ အားလုံး ထိုင်ခုံခါးပတ်များ ပတ်ထားကြပြီး ဆေးလိပ်မီးများ ငြိမ်းသတ်ကြပါ ရန် မေတ္တာရပ်ခံအပ်ပါတယ်ရှင်'

တစ်နာရီ ဆယ်မိနစ်ဟူသော အချိန်သည် သူ့အတွက် တိုတောင်းလှသည်ဟု ကျော်နိုင်ဦးက ထင်မိကာ အားမလိုအားမရကြီး ဖြစ်နေမိပေ၏ ။

ကျော်နိုင်ဦး၏ ခံစားချက်ကို မသိရှာသော သင်းသင်းခိုင် ကတော့ မိမိ၏ တာဝန်နှင့် ဝတ္တရားများ ကို အကွက်စေ့အောင် လုပ်နေပေသည်။

လေယာဉ်သည် မြေပြင်ပေါ်သို့ ငြိမ့်ကနဲထိုးဆင်းလာ၏ ။

ပြီးတော့ တဖြည်းဖြည်း စက်ရှိန်သပ်သွားတော့သည်။

ကျော်နိုင်ဦးနှင့် တင်မောင်ချိုသည် အပေါ်တန်းတွင် တင်ထားသော လက်ဆွဲအိတ်များ ကိုယူ ဆောင်ပြီး ထိုင်ရာမှထလိုက်ကြသည်။

လှေကားပေါ်မှမဆင်းမီ ကျော်နိုင်ဦးသည် မျက်နှာချိုကလေး သင်းသင်းခိုင်၏ မျက်နှာကို မကြည့်ဘဲ မနေနိုင်သဖြင့် တစ်ချက်လှမ်းကြည့်လိုက်မိသည်။

ကိုယ့်စိတ်ကိုယ်မလုံတော့ ကျော်နိုင်ဦးသည် ဦးခေါင်းကို ဆတ်ကနဲငုံ့ပစ်ပြီး လေ့ကားထစ်များ ပေါ်မှ ခပ်သွက်သွက်ဆင်းလိုက်မိပါတော့သည်။

*

'ဟေး...ကိုကျော်..'

အကြိုလာသူ လူအုပ်များ ကြားထဲမှ ရင်းနှီးခဲ့ဖူးသော အသံကလေးကို ကျော်နိုင်ဦး ကြားလိုက် ရပေ၏ ။

လှမ်းကြည့်လိုက်တော့ မိခင် ဖြစ်သူ ဒေါ်ခင်မေဦးနှင့်အတူ ယှဉ်တွဲ ရပ်နေသော မြသီတာကို တွေ့လိုက်ရပေ၏ ။

မိခင်ကြီး၏ မျက်နှာသည် သူ့ကိုတွေ့ရသဖြင့် ပြုံး ချိုနေ၏ ။

မြသီတာကလည်း ထိုနည်းတူပင်။

'မေမေ'

'သား..ကျော်ကျော် နေကောင်းရဲ့ လား'

'ကောင်းပါတယ်မေမေ'

မိခင်ကို နှုတ်ဆက်ရင်းက မြသီတာကိုလည်း ပြုံး ပြလိုက်ရသည်။

'ဖေဖေ့အခြေအနေကော မေမေ'

'နေမကောင်း ဖြစ်တဲ့နေ့ကထက်စာရင် အတော် ချည်းကို သက်သာလာပြီသားရဲ့ မင်းအဖေက လူသာဝတယ်၊ အအေးအားချည်းကြိုက်တာ... အဆုတ်အအေးမိသွားတာတဲ့ သားရဲ့ '

'အင်း တော် ပါသေးရဲ့ ...သားဖြင့် စိတ်ပူလို့ရထားနဲ့ မလာဘဲ

လေယာဉ်နဲ့လိုက်လာခဲ့တာ.. မေမေတို့ကွင်းမှာ လာကြိုမယ်တောင်မထင်ဘူး..'

'ဘယ်မကြိုဘဲရှိပ့ါမလဲကွယ် ညက သားဆီက ဖုန်းလာကတည်းက မင်းဖေဖေက မေမေနဲ့ သီတာကို အကြိုသွားခိုင်းပြီး သား...ဟော မောင်တင်မောင်မချူ လဲပါလာသကိုး..

'ဟုတ်တယ် ဒေါ်ဒေါ် ဒီကောင်မဲအဆွယ်ကောင်းလို့ ပါလာတာပဲ... ကျော်နိုင်ဦးပစ္စည်းရွေ့ဘို့ ဖြတ်ပိုင်းတွေ ပေး...

'အော်...ဟုတ်သားပဲ ရော့ရော့...'

ကျော်နိုင်ဦးသည် ရှပ်အင်္ကျီအိတ်ထဲမှ ကပ်ပြားကလေးသုံးခုကို ထုတ်ပေးလိုက်ရင်းက တစ်စုံ တစ်ခုကို အမှတ်ရလာ၍ သူ့အင်္ကျီအိတ်ထဲမှ ပစ္စည်းအားလုံးကို ထုတ်ယူလိုက်သည်။

'ဟာ...'

'ဟဲ့..ဘာလဲသား ဘာပျောက်လို့လဲ'

ကျော်နိုင်ဦးသည် သူ့ရှပ်အင်္ကျီအိတ်ထဲတွင် အိပ်ဆောင်ဒိုင်ယာရီကလေး ပါမလာတော့ ကြောင်း သိရှိသွား၏ ။

'အော်.. ဘာမှမဟုတ်ပါဘူး မေမေ'

ပြောပြောဆိုဆို ကျော်နိုင်ဦးသည် လေယာဉ်ဆီသို့ လှမ်းကြည့်လိုက်သည်။

လေယာဉ် တံခါးမကြီးသည် ပြန်ပိတ်၍ ပန်ကားများ ပင် လည်စပြုလာပြီ ဖြစ်သည်ကို ကျော်နိုင်ဦး တွေ့ရှိရပေသည်။

'အင်း...တစ်ခါတော့ ဆုံချင်ပါသေးတယ် သင်းသင်းခိုင်းရယ်'

ကျော်နိုင်ဦးတို့ပစ္စည်းများ ရွေးပြီးချိန်တွင် သင်းသင်းခိုင်လိုက်ပါသွားသော လေယာဉ်ကြီးသည် မြေပြင်မှ ခွာကာ လေထဲသို့ ငှက်သွင်ပျံကြွ၍ တက်သွားပြီ

ဖြစ်တော့သည်။

‘ဦးလေးကြွယ် မောင်တင်မောင်ချိုဆီက ပစ္စည်းတွေ ကားနောက်ဆုံးထဲမှာ ထည့်လိုက်ပါ’

‘အေး....အေး’

ဒရိုင်ဘာကြီး ဦးကြွယ်အေးသည် တင်မောင်ချို ယူဆောင်လာသော သေတ္တာနှင့် လက်ဆွဲအိတ် များ ကို ကားနောက်ဖုံးဖွင့်၍ ထည့်နေ၏ ။

‘မြသီတာ မှာ လိုက်တဲ့ကတ္တီပါပန်းကောပါလား ကိုကျော်’

‘အင်း..ပါတယ်၊ အိမ်ကျမှယူ သေတ္တာထဲရောက်နေလို့’

‘အင်း..အင်း’

‘သားက ကားရှေ့ခန်းမှာ မြသီတာနဲ့ထိုင်၊ မေမေနဲ့ မောင်တင်မောင်ချို နောက်ကထိုင်မယ်’

ကျော်နိုင်ဦးသည် မြသီတာနှင့် ယှဉ်တွဲ ၍ မထိုင်လိုသော် လည်း မိခင် ဖြစ်သူ၏ စီစဉ်ပေးမှု ကို မငြင်းဆို။

သို့ ဖြစ်၍ ရှေ့ခန်းတွင် ယှဉ်၍ ထိုင်လိုက်ရသည်။

မကြာမီ ကားကလေးသည် ဟဲဟိုးလေဆိပ်မှ ထွက်ခွာလာတော့၏ ။

ကျော်နိုင်ဦးတို့ စီးနင်းလိုက်ပါလာခဲ့သော လေယာဉ် ကတော့ မြင်ကွင်းမှ လုံးဝပျောက်ကွယ် သွားပြီ ဖြစ်သည်။

‘ကိုကိုကျော် မြသီတာရေး လိုက်တဲ့စာရတယ် မဟုတ်လား’

‘ရလို့မှာ လိုက်တဲ့ ပန်းဝယ်လာတာပေါ့’

အမူပိုပို မြူချိုချို လုပ်နေသော မြသီတာကို ကျော်နိုင်ဦးသည် မျက်နှာသာ မပေးဘဲ ခပ်တင်း တင်း ပြတ်ပြတ်ပင်ဆက်ဆံနေ၏ ။

‘ဘာ ဖြစ်လို့ စာမပြန်တာလဲလို့’

‘အိုး..မိဘတောင် မသွဲ့သာလို့ စာရေး နေရတာ အမိဆို ဝေလာဝေးပဲ’

မြသီတာ၏ ပြုံး ချိုနေသော မျက်နှာဖွေးဖွေးကလေးသည် ရုတ်ချည်းပင် ငိုတော့မယောင် ညှိုးမောင်လာ၏ ။

‘ကြည့်ပါလား၊ သူများ ဆိုရင် ဘယ်တော့မှ ကောင်းကောင်းစကားမပြောဘူး’

‘ဟုတ်သားပဲကွယ်၊ သားကလဲ’

‘မြသီတာက နှုတ်ခမ်းကို တလန်ရှည်အောင် စူနေ၏ ။

ကျော်နိုင်ဦး ကတော့ အဆိုးအကောင်း မပြောတော့ဘဲ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ နိမ့်ချည်- မြင့်ချည် ရှုခင်းများ ဆီသို့ လှမ်းကြည့်နေလေသည်။

‘စာမေးပွဲဖြေနိုင်ကြတယ် မဟုတ်လား မောင်တင်မောင်ချို’

‘ဟုတ်ကဲ့ နှစ် ယောက် စလုံး အတော် ဖြေနိုင်ကြပါတယ်.. ဒေါ်ဒေါ်’

‘အေး..အောင်ပါလိမ့်မယ်။ ဒီအဖြေမျိုးပဲ ဒေါ်ဒေါ်က ကြားချင်နေတာ။ သား ဖေဖေကဆိုရင် သူနေမကောင်းတဲ့အကြောင်း သားကို ချက်ချင်း အကြောင်းမကြားပါနဲ့တဲ့။ စာမေးပွဲမှာ အနှောင့် အယှက် ဖြစ်မှာ စိုးလို့တဲ့လေ’

‘ဦးကပညာရေး ကို အားပေးတာ အမှန်ပါ။ ကျွန်တော့် ဆီကိုလဲ စာကြိုး စားဖို့ မကြာခဏ စာရေး ပါတယ် ခင်ဗျာ’

‘အော်.. ဒါနဲ့သားရေ၊ လေးလေးတို့ဆီကော ရောက်ရဲ့ လား၊ နေမှ ကောင်းကြရဲ့ လားကွယ်’

‘နေကောင်းကြပါတယ် မေမေ၊ မနေ့ကပဲ သားရောက်ခဲ့တယ်။ ဖေဖေ နေမကောင်းဘူးလို့ ပြောတာနဲ့ ဟောလစ်တစ်ဘူးထည့်ပေးလိုက် သေးတယ်။ မနက်ကလဲ လေဆိပ်ကို မြမှုကိုယ်တိုင် ကားမောင်းပြီးလိုက်ပို့ပေးတာ’

‘အော်..အော်’

‘မြမှုကို အလည်ခေါ်ခဲ့ရောပေါ့ သားရယ်’

‘သားခေါ်ပါတယ် မေမေ။ သူက နိုင်ငံခြား ဘာသာသင်ယူနေလို့ နောင်နှစ်မှပဲ လာတော့မယ် တဲ့’

‘အော်.. အင်းအင်း’

ဟဲဟိုးလေဆိပ်မှ တောင်ကြီးမြို့ ရှိ ကျော်နိုင်ဦးတို့၏ နေအိမ်သို့ တစ်နာရီခွဲမျှကြာသော ခရီးတွင် ကားကို တညောင်းကြီးစီးခဲ့ရပေသည်။

ကျော်နိုင်ဦး၊ မိခင် ဒေါ်ခင်မေဦးနှင့် တင်မောင်ချိုတို့သည် ဟိုအကြောင်း သည့်အကြောင်း တစ်လမ်းလုံးပြောလာကြပေမယ့် မြသီတာ တစ်ယောက် ကတော့မူ နှုတ်ဆိတ်၍ နေ၏ ။

ရှိလည်းမရှိ၊ ပြုံး လည်းမပြုံး နှင့် ကျော်နိုင်ဦးကို အကောက်ကြီးကောက်၍ နေပါတော့သည်။

ကျော်နိုင်ဦးတို့၏ နေအိမ်သို့ ရောက်လျှင် မြသီတာသည် ကားရှေ့ခန်းတံခါးကို ဖွင့်ကာ ကားပေါ်မှ အဆောတလျင်ဆင်းလိုက်သည်။

‘ဟဲ့..သမီး မြသီတာ၊ ဒါ ဘယ်လဲ’

‘အိမ်ပြန်တော့မလို့’

‘အို မဟုတ်တာ သမီးရယ်၊ လာလာအိမ်ထဲဝင်ဦး၊ သမီး ကိုကိုကျော်နဲ့ စကားပြောရအောင် လို့’

‘ဟင်.. မပြောချင်ပါဘူး’

မြသီတာက သူ၏ နနယ်လှပသော မျက်နှာကလေးကို တအားကုန် ရှုံ့မဲ့၍ ပြောလိုက်သည်။

ကျော်နိုင်ဦးသည် မြသီတာ၏ မျက်နှာကို ခပ်တည်တည်လှမ်းကြည့်ရင်းက

'ပန်းမယူတော့ဘူးလား'

'မယူဘူး'

'မယူနေ့၊ မိတုတ်ကို ပေးပစ်လိုက်မယ်'

'ပေးပစ်လိုက်ပေါ့'

မြသီတာသည် ခြေကုန်ဆောင့်၍ တစ်ဖက်ခြံဆီသို့ ထွက်ခွာသွားတော့သည်။

'ဟဲ့ သမီး မြသီတာ.. မြသီတာ'

ဒေါ်ခင်မေဦးကိုလည်း မြသီတာသည် ယောင်၍
မျှလှည့်ကြည့်ဖော်မရတော့ပါချေ။

'ကဲ..ဦးလေးကြွယ်၊ တင်မောင်ချိုကို လိုက်ပို့ပေးလိုက် ပါဦး'

'အေး..အေး'

'သူငယ်ချင်း ငါ ညနေမှပဲ လာတော့မယ်ကွာ'

'အေး...'

ကားပြန်ထွက်သွားကာမှ ကျော်နိုင်ဦးသည် သူ့ပစ္စည်းများ ကို သယ်ဆောင်ကာ
တိုက်ခန်းထဲ သို့ ဝင်ခဲ့လေသည်။

'သားကလဲကွယ်။ မြသီတာကလေးကို နည်းနည်း ပါးပါးတော့ လိုက်လျောမှပေါ့။
သူက လူကောင်သာ ထွားတာ။ ကလေးစိတ်ကုန်သေးတာမဟုတ်ဘူး'

'ခုလောက် တင်းတင်းဆက်ဆံတာတောင် မေမေ့မြသီတာက ကဲချင်သေးတယ်
မိတုတ် ဖေဖေ ကော'

ကျော်နိုင်ဦးက သူ့အနီးတွင် လာရပ်နေသော အိမ်ဖော်မကလေးကို

တစ်ဆက်တည်း မေးလိုက် သည်။

ကျော်နိုင်ဦးသည်လက်ဆွဲသားရေသေတ္တာကို ယူဆောင်ကာ အဆစ်ချိုး ကျွန်းလှေကားကြီးမှ အပေါ်ထပ်ဆီသို့ တက်ခဲ့၏ ။

သား ဖြစ်သူ၏ နောက်က ထပ်ချပ်မကွာ ဒေါ်ခင်မေဦးကလည်း လိုက်လာသည်။

*

# အခန်း (၄)

အသားဖြူဖြူဝဝနှင့် ဥပမိရုပ် ကောင်းလှသော အသက်ခြောက်ဆယ်နီးပါးရှိမည် လူကြီးသည် သူ့အခန်းထဲသို့ ဝင်လာသူကို တွေ့လိုက်ရလျှင် ရွှင်ပြုံးသော မျက်နှာကြီးဖြင့် ပက်လက်ကုလားထိုင် ပေါ်တွင် သက်တောင့်သက်သာထိုင်နေရာမှ ထမည့်ဟန်ပြု လိုက်သည်။

'ဖေဖေ သက်သာသလိုသာနေပါ.. ဖေဖေ နေကောင်းတယ်မဟုတ်လားဟင်'

'ကောင်း သွားပါပြီသား။ သားကော ကြည့်ရတာ ခြုံး သွားသလိုပဲ။ စာတွေ သိပ်ကြိုး စားနေလို့ ထင်တယ်'

'မောင်တင်မောင်ချိုရော... သားပါ အတော့်ကို ဖြေနိုင်ကြတယ်တဲ့ ကိုကျော်ရှင်း..'

ဇနီးသည်၏ စကားကိုကြားရလျှင် အငြိမ်းစားသစ်တောမင်းကြီး ဦးကျော်ရှင်း၏ မျက်နှာသည် မှိုရသူကဲ့သို့ တည်း..

'အေး..ကောင်းပါလေ့၊ ကောင်းပါလေ့ကွယ်'

ကျော်နိုင်ဦးသည် သူ့လက်ဆွဲသားရေသေတ္တာကို ကြမ်းပေါ်တွင် ချ၍ ဖွင့်လိုက်ပြီး အတွင်းမှ ပစ္စည်းများ ကို တစုပြီးတစ်စု ထုတ်ယူ၍ ဖခင်လက်ထဲသို့ ထည့်ပေးနေ၏ ။

'ဒါက လေးလေးပေးလိုက် တဲ့ ဟောလစ်'

'အောင်မယ်.. ဒီလိုကျတော့ ငါ့ခယ်မက သတိရဖော်ရသားပဲ'

'လေးလေးက သိတတ်ပါတယ်ရှင်'

'ရော့ ဒါက ဖေဖေ့အတွက် သားဝယ်လာတဲ့ မိုင်လိုဂိုးဒင်းပတ် ဘီစကွတ် ပြီးတော့ သစ်သီးစုံ ဖျော်ရည်ဘူး ဒါက ပန်းသီးနဲ့ စပျစ်သီး'

‘အိုး.. များ လှချည့်လား သားရယ်’

‘ဖေဖေ အားပြည့်အောင်လို့ သား ဝယ်လာခဲ့တာပါ ရော.. မေမေ ဒါက ဟို ဆတ်ကော့လတ် ကော့မ ကလေးအတွက်ပန်း’

‘အင်း.. သားနဲ့ မြသီတာကလဲ ဘယ်တော့မှ တည့်တယ်မရှိဘူး’

ဒေါ်ခင်မေဦးက သား ဖြစ်သူ၏ လက်ထဲမှ ပလတ်စတစ်အိတ်ပါးကလေးဖြင့် ထည့်ထားသည့် ကတ္တီပါပန်းကပ်ကလေးကို လှမ်းယူရင်း ပြောလိုက်သည်။

‘ဒီသူငယ်မကလေး ခုနက လေဆိပ်ကို လိုက်သွားတယ်မဟုတ်လား’

‘ဟုတ်တယ်လေ... သားနဲ့ ကတောက်ကဆ ဖြစ်ပြီး ကားလဲ ဒီပြန်ဆိုက်ရော သူ့အိမ်ကို ပြန်သွား လေရဲ့ ’

‘တယ်ခက်တဲ့ ကလေးမလေးပဲ’

‘ဟုတ်တယ်ဖေဖေ.. ကျွန်တော် တော့ ကလက်တက်တက် သူ့အချိုးကို ကြိုက်ကိုမကြိုက်ဘူး... ကြည့်လို့လဲ မရဘူး...’

‘ငါ့သား ကြည့်လို့ရတဲ့ မိန်းကလေးရှိမှ ရှိပါတော့မလားကွယ်’

ဦးကျော်ရှင်းသည် မြသီတာကိစ္စကို ဝင်မစွက်ဘဲ အမိနှင့် သား ပြောသမျှကို ပြုံးပြုံး ကြီး နားထောင်နေပေသည်။

သား ဖြစ်သူ ကျော်နိုင်ဦးသည် မိမိ၏ သဘောသဘာဝခြင်း ဆင်ဆင်တူသည့်ပြင် လိမ္မာရေး ခြား ရှိသဖြင့် ချစ်သည်။

ထို့ထက်ပို၍ တစ်ဦးတည်းသော သား ဖြစ်နေပြန်သဖြင့် .. ပို၍ ပို၍ အတိုင်းအဆမရှိ ချစ်နေမိ၏ ။

အားအင်ကုန်ခမ်း၍ နန်းခွေနေမိသော စိတ်တို့သည် သားမျက်နှာကိုမြင်ရသည့် တခဏဝယ် စိမ့်ကြည်အေးသော ကျောက်စက်စမ်းရေကို သောက်သုံးရသည့်အလား

ရင်ဝယ်အေးမြအားတက်လာ ရ၏ ။

‘ကဲ.. သား ရေမိုးချိုးပြီး အဝတ်အစားလဲလိုက်၊ ပြီးတော့ ထမင်းစားကြရအောင်လို့...’

‘ဟုတ်တယ်.. သား၊ နောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့’

ကျော်နိုင်ဦးသည် အပေါ်ထပ်တွင် ရှိသော မိမိ၏ သီးသန့်အိပ်ခန်းဆီသို့ သားရေလက်ဆွဲ သေတ္တာကိုဆွဲကာ ထွက်ခဲ့သည်။

အသင့်စေ့ထားသော အိပ်ခန်းတံခါးကို အသာတွန်းဖွင့်လိုက်လျှင် သန့်ရှင်းသစ်လွင်သော အခင်းအကျင်းများ က ကျော်နိုင်ဦးကို ဆီးကြိုလိုက်ကြသည်။

‘မေမေက သိပ်ကို အလိုက်သိတာပဲ’

ကျော်နိုင်ဦးသည် ကျေနပ်အားရစွာ တစ်ချက်ပြုံး ပြီး အိပ်ခန်းတွင်းသို့ လျှောက်ဝင်ခဲ့သည်။

လက်ထဲက သေတ္တာကို အသာချပြီး ကျော်နိုင်ဦးသည် သူ့အခန်းခေါင်းရင်းဘက်ရှိ ပြတင်း ပေါက်ကို ဖွင့်လိုက်၏ ။

ဤတွင် စိမ်းစိုသော သစ်ပင်ကြီးငယ်တို့ ဖုံးအုပ်နေသည့် မို့မို့မောက်မောက် တောင်စွန်းကြီး၏ အခြေကို တွေ့ရှိရပါတော့သည်။

*

ကျော်နိုင်ဦး တစ်ယောက် ရေမိုးချိုးပြီးချိန်တွင် ဖွယ်ဖွယ်ရာရာ စုံလင်လှသော မိခင်ဒေါ်ခင်မေ ဦး၏ လက်ရာ ဟင်းခွက်များ သည် ထမင်းစားပွဲပေါ်တွင် အငွေ့တထောင်းထောင်းဖြင့် အသင့်ရှိနေပြီ ဖြစ်သည်ကို တွေ့ရ၏ ။

'လာဟော့..သား'

'ဖေဖေကာ...'

'သူလဲ စားလိမ့်မယ်၊ သားနဲ့မှ လက်ဆုံစားမယ်ဆိုပြီး စောင့်နေလေရဲ့ ကွယ်'

'ဒါဖြင့် သားသွားခေါ်ခဲ့မယ်'

'အေး...အေး'

ကျော်နိုင်ဦးသည် ဖခင်ထံသို့ သွားကာ ထမင်းပွဲရှိရာသို့ ဖေးမတွဲ ဆောင်ခေါ်ခဲ့လေသည်။

အဆောင်တွင် ဖြစ်သလိုသာ တင်းတိမ်စားသောက်ခဲ့ရသော ကျော်နိုင်ဦးသည် အထူးတလည် စီမံချက်ပြုထားသော မိခင်၏ လက်ရာများ ကို မြိန်ရေယှက်ရေပင် စားပြနေ၏ ။

ထို့အတူ နံလန်ထစ ဦးကျော်ရှင်းသည်လည်း သားမျက်နှာစိမ့်စိမ့်ကြည့်ရင်း လက်ဆုံစားနေရ သဖြင့် ဆန်ပြုတ်နှစ် ပန်းကန်သည် ကုန်မှန်းမသိ ကုန်ခဲ့ရပေ၏ ။

ထမင်းစားသောက်ပြီးလျှင် လက်ဖက်ရည်ကြမ်းနှင့် အချိုအချဉ်စားရင်း သားအမိသားအဖသုံး ယောက် ပြောမကုန်နိုင်သော အကြောင်းအရာများ ကို ဆက်၍ နေကြပြန်သည်။

ဒေါ်ခင်မေဦးသည် စကားပြောဆိုနေရာမှ တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ထိုင်ရာမှ ထ လိုက်သည်။

'ဘယ်လဲ..မခင်မေ'

'ဟို .. သူငယ်မလေးဆီ သားဝယ်လာတဲ့ ပန်းသွားပေးမလို့၊ သူက စိတ်ကောက်သွားတာ မဟုတ်လားရှင့်'

'မေမေကလဲဗျာ၊ အလိုလိုက်ရန်ကော လာယူချင်ယူ၊ မယူချင် နေပစေပေါ့'

'ဒီလိုလဲ ဘယ်ဟုတ်မလဲ သားရယ်၊ ကဲပါ၊ သားတို့သားအဖ စကားပြောနေကြဦး၊ မေမေ ခုပြန် ခဲ့မယ်'

ပြောပြောဆိုဆို ဒေါ်ခင်မေဦးသည် ကတ္တီပါပန်းအိတ်ကလေးကိုယူကာ အခန်းတွင် းမှ ထွက်ခွာ သွားတော့သည်။

ဒေါ်ခင်မေဦး တစ်ယောက် အဘယ့်အကြောင်းကြောင့် များ မြသီတာကို တအားကုန်အလိုလိုက် နေပါလိမ့်ဟူသော အကြောင်းကို ကျော်နိုင်ဦးမှာ စဉ်းစား၍ မရနိုင်အောင်ပင် ရှိနေပေ၏ ။

*

နံနက်မိုးမလင်းမီကတည်းက ယနေ့ခရီးပြန် ဖြောင့်ဖြူး ပါစေဟု သင်းသင်းခိုင်သည် ဆန္ဒပြုဆု တောင်းခဲ့မိသည်။

သို့ပေမယ့် ယင်းဆန္ဒပြုချက်က ပြည့်ဝမလာပါချေ။

'သင်းသင်းရေ ဟဲဟိုး-ကျိုင်းတုံ Shuttle ထပ်ဆွဲရဦးမယ်တဲ့'

တွဲ ဘက်လေယာဉ်မှူး ဇော်ဝင်းမြင့်၏ စကားသည် သင်းသင်းခိုင်၏ ရင်ကို လှိုက်မောသွားစေ သည်။

'Shuttlg ဆွဲဖို့ Opgration က Approved လုပ်လိုက်ပြီလား ကိုဇော်'

'အင်း'

'ဒါဖြင့် သင်းသင်းတို့ ရန်ကုန်ကို ခြောက်နာရီကျော်မှပဲ ရောက်ကြတော့မှာပေါ့နော်'

'ဒါပေါ့'

သင်းသင်းခိုင်တို့အဖွဲ့သည် နံနက်စာကို ဟဲဟိုးတွင် စားကြသည်။

တွဲ ဘက်လေယာဉ်မှူး ဇော်ဝင်းမြင့်က ကုန်ကျစရိတ်ကို ဒကာခံ၏ ။

သင်းသင်းခိုင်ကို ဇော်ဝင်းမြင့်သည် အစစအရာရာ ဂရုစိုက်လေ့ရှိ၏ ။ သူတို့နှစ်ဦးတွဲ ၍ တာဝန်ကျလေတိုင်း ကုန်ကျစရာရှိသမျှကို ဇော်ဝင်းမြင့်က ဝိုင်းခံ၍ ပေးတတ်၏ ။

သင်းသင်းခိုင်သည် ဇော်ဝင်းမြင့်ကို အားနာသည်ကတစ်ကြောင်း၊ သူ့အပေါ် အမြင်တစ်မျိုး မ ဖြစ်သွားစေလိုသည်ကတစ်ကြောင်းမို့ ဤသို့ အကုန်အကျခံသည်ကို မလိုလားပါချေ။

သို့ ပေမယ့် တစ်ဘက်စေတနာကို စော်ကားသလို မ ဖြစ်မိစေရန်အတွက် သင်းသင်းခိုင်သည် သူ့ရှေ့တွင် ဝယ်ရေး ခြမ်းရေး ကိစ္စများ ကို တတ်နိုင်သမျှ ရှောင်ရှားတတ်၏ ။

ယခု လေးဦးစလုံးအတူတူစားသောက်ကြသဖြင့် သင်းသင်းခိုင်အနေနှင့် မငြင်းသာတော့ပါချေ။

သင်းသင်းခိုင်၏ မျက်နှာကြောင့် အလကားစားရသော လေယာဉ်မောင် စောဦးသည် အားမနာ တမ်းပင် ငုံ့လွေးနေ၏ ။

'စားနော် ကိုစောဦး အစားအသောက်ဆိုတာ လူနဲ့တဲ့တယ်'

'စိတ်ချ ကိုဇော်'

စား၍ ဝသော အခါ စောဦးသည် ကုလားထိုင်နောက်ကျောကို အသာမှီ၍ ဝမ်းဗိုက်ကို ခပ်ဖြည်း ဖြည်းပွတ်သပ်ရင်း..

'တကယ်ပါပဲဗျာ.. စားလို့ကောင်းလိုက်တာ.. နောက်လဲ ဒီလိုပဲ သင်းသင်း ခဏခဏ ကျွေးနိုင် ပါစေလို့'

ပြုံး ဖြီးဖြီးနှင့် ပြောလိုက်သော စောဦး၏ သွယ်ဝိုက်သော သဘောကို သင်းသင်းကသိသဖြင့် ဖြူဖွေးသော မျက်နှာကလေးတွင် ပန်းနုသွေးပြေးလာ၏ ။

'ကိုစောဦးက လုပ်တော့မယ် ဒကာခံတာ သင်းသင်းမှ မဟုတ်တာပဲလို့'

'သင်းသင်းကို ကျေးရူးတင်ရင် ဒကာခံတဲ့ လူကို ကျေးရူးတင်တာနဲ့ အတူတူပါပဲ။ မဟုတ်ဘူး လား ကိုဇော်..'

'ဟာ သိပ်ဟုတ်တာပေါ့'

ဇော်ဝင်းမြင့်က ရဲသော မျက်နှာဖြင့် ရော၍ ပြောလိုက်၏ ။

'ဟင်း ဘာဟုတ်တာလဲ'

သင်းသင်းခိုင်သည် ဇော်ဝင်းမြင့်ကို မျက်စောင်းကလေးခဲ၍ မျက်နှာလွှဲပစ်လိုက်သည်။

စကားတစ်ခွန်းမျှ ဝင်မပြောဘဲ ခပ်ပြုံး ပြုံး ကြည့်နေသော ကပ္ပတိန်ကိုကိုကျော်သည် စောဦးက အကျီစားသန်နေလျှင် သင်းသင်းခိုင် အနေခက်ချေတော့မည် စိုး၍ စကားလမ်းလွှဲပေးလိုက် သည်။

'ကဲ စားသောက်ပြီးရင် လုပ်စရာရှိတာ လုပ်ကြစို့လား ဒါမှ ရန်ကုန်ကို စောစော ပြန်ဝင်နိုင်မှာ '

ပြောပြောဆိုဆို ကပ္ပတိန်ကိုကိုကျော်သည် ထိုင်ရာမှ ထ လိုက်သဖြင့် သင်းသင်းခိုင်တို့လည်း သူ့နောက်မှ လေယာဉ်ဆီသို့ ပြန်ခဲ့ကြရလေတော့သည်။

ဆယ်မိနစ်ခန့်ကြာလျှင် xyade လေယာဉ်ကြီးသည် ခရီးသည်နှင့် ကုန်ပစ္စည်းများ ကို တင်ဆောင်ပြီးသည် ဖြစ်၍ ကျိုင်းတုံမြို့ သို့ စတင်ထွက်ခွာပါတော့သည်။

*

သင်းသင်းခိုင် ခန့်မှန်းထားသည့်အတိုင်းပင် လေယာဉ်သည်

ညနေခြောက်နာရီလေးဆယ့်ငါး မိနစ်တွင် မှ မင်္ဂလာဒုံလေဆိပ်သို့ ပြန်ဝင်ခဲ့၏ ။

စားသောက်မှု ဆိုင်ရာဌာနမှ အမှု ထမ်းထံတွင် သင်းသင်းသည် မနက်က ယူဆောင်သွားသော ပစ္စည်းများ ကို စာရင်းနှင့် တကွ အတိအကျပြန်အပ်ပြီး Pantry ထဲရှိ မိမိလက်ဆွဲအိတ်ကို ယူရန်ဝင်ခဲ့၏ ။

ဤတွင် လေယာဉ်ကြမ်းခင်းပေါ်၌ ကျနေသော အိပ်ဆောင်ဒိုင်ယာရီကလေးတစ်အုပ်ကို သင်း သင်းအမှတ်မထင် တွေ့ရှိလိုက်ရလေသည်။

'ဟယ် ဘယ်သူ့ဒိုင်ယာရီကလေးပါလိမ့်'

အတွေးနှင့် အတူ ကောက်ယူလိုက်မိသည်။

'ကျော်နိုင်ဦး စက်မှု တက္ကသိုလ်ဆိုပါလား ဟယ် မနက်က ခရီးသည်ရဲ့ ဒိုင်ယာရီပဲ ဖြစ်မယ် ဒုက္ခပါပဲ ဘယ်လိုပြန်ပေးရမလဲမသိဘူး'

သင်းသင်းခိုင်သည် ဒိုင်ယာရီကလေးကိုကိုင်ရင်း ခေတ္တမျှစဉ်းစားနေမိ၏ ။

'အို မတတ်နိုင်ပါဘူးလေ ငါပဲ သိမ်းထားလိုက်မယ်။ သူ့ကံကြုံမှပဲ လာယူသွားပစေပေါ့'

သင်းသင်းခိုင်သည် လက်ထဲက ဒိုင်ယာရီကလေးကို သူ့လက်ဆွဲအိတ်ထဲသို့ ထည့်လိုက်ပြီး ဘုရားပန်းနှစ် စည်းကို ယူဆောင်ကာလေယာဉ်ပေါ်မှ ဆင်းခဲ့တော့သည်။

လေဆိပ်ထဲတွင် သင်းသင်းခိုင်ကို စောင့်ကြိုနေသူတစ်ဦးက အသင့်ရှိနေ၏ ။

သူက ယာဉ်မောင်းဦးချစ်လှိုင်

'သင်းသင်းတို့ လေယာဉ် ဒီနေ့ သိပ်နောက်ကျတာပဲ'

'ဟုတ်တယ် ဦးလေး ဟဲဟိုးရောက်မှ ကျိုင်းတုံကို အပိုဆွဲပေးဖို့ အစီအစဉ်က ပြောင်းသွား လို့ လေ ရော့ ဒီပန်းစည်းက ဦးလေးဖို့'

'အေး ကျေးဇူးပါပဲကွယ်'

သင်းသင်းခိုင် ပျံသန်းရေး ရုံးခန်းဆီသို့ လျှောက်လာစဉ် ရုံးခန်းထဲမှ မျက်နှာကြီး ရှစ်ခေါက် ချိုးဖြင့် ထွက်လာသော မနက်က Stand by one (အရန်တစ်)ကျသော လေယာဉ်မယ်ကို တွေ့လိုက်ရ သည်။

'ဟယ် မိအေး နင်ဘယ်လို ဖြစ်တာလဲ'

'ပြောမပြောချင်ပါဘူး သင်းသင်းရယ် အစီအစဉ်တွေ အားလုံးပျက်သွားတော့တာပဲ'

'ဘယ်သူ မလာလို့လဲ'

'ဝင်းမာလာပေါ့'

'ဟဲ့ သူ့ Flight က စစ်တွေ တစ်ခေါက်ထဲ မဟုတ်လား'

'အေးလေ ပြောတော့သာ စစ်တွေ တစ်ခေါက်ထဲ ဟိုမှ Snag ဖြစ်နေလို့ ခုမှပဲ ပြန်ရောက်တာ၊ နောက်ကျရတဲ့ကြားထဲ M T A (မော်တော် ယာဉ်)ဌာနကလဲ သင်းသင်းတို့ Flight နဲ့ ပေါင်းထားတယ် လေ'

'အော်.. ဖြစ်မှ ဖြစ်ရလေ အေးရယ်။ နေဦးနော်။ သင်းသင်း Flight Report ရေး လိုက်ဦးမယ်'

သင်းသင်းသည် ပျံသန်းရေး ရုံးခန်းထဲသို့ ဝင်ရောက်လာပြီး ဒီနေ့အတွက် အစီရင်ခံစာကို အဆုံး သတ်ရေး လိုက်သည်။

'ကပ္ပတိန် လက်မှတ်ထိုးပေးပါဦး'

ကပ္ပတိန် ကိုကိုကျော်က သင်းသင်းရေး သားထားသော အစီရင်ခံစာရွက်ပေါ်တွင် သူ၏ လက် မှတ်ကို ရေး ထိုးပေးလိုက် သည်။'သင်းသင်းရေ ကား ready (အဆင်သင့်ပဲလေ)'

'လာပြီ..လာပြီ ကိုဇော်'

'ဟေး..ကိုကိုကျော် ပြန်တော့မလို့လား'

လက်ဆွဲအိတ်ကို လှမ်းကိုင်လိုက်သော ကပ္ပတိန်ကိုကိုကျော်ကို တာဝန်ကျ ပုံျသန်းရေး လက်ထောက် ဦးပီတာအောင်က Flight plan ရေး ရင်းက လှမ်းမေးနေ၏ ။

'ပြန်တော့မယ်လေဗျာ'

'မပြန်နဲ့ဦးလေ၊ ခင်ဗျားအိမ်က ဖုန်းဆက်တယ်။ စောင့်နေပါတဲ့။ လာကြိုမယ်တဲ့'

'တကယ်ပြောနေတာလား'

'ဟုတ်ပါတယ်။ တကယ်ပါ။ ခုမှ ကျွန်တော် သတိရလို့ ခင်ဗျားကို ပြောပြနေတာ'

'ဟာ.. ဒုက္ခပါပဲ၊ ဘယ်ကိုများ သွားဦးမယ်မသိဘူး Flight ရှည်လို့ ပင်ပန်းရတဲ့အထဲ'

ကပ္ပတိန် ကိုကိုကျော်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချရင်း ညည်းညူလိုက်မိရာသည်။

'ကပ္ပတိန် ကားရောက်ပြီ ပြန်တော့မယ်'

'သွားတော့ သင်းသင်းရေ၊ ကိုယ်မလိုက်တော့ဘူး။ မိလာကြိုမယ်တဲ့'

'အင်း..ဒီလိုဆိုတော့လဲ မမမော်က ဘယ်ဆိုးလို့လဲ'

ကိုကိုကျော်က မည် သို့ မှ ပြန်မပြောနိုင်မီ သင်းသင်းခိုင်သည် ရုံးခန်းတွင် းမှ ထွက်ခွာသွား တော့၏ ။

*

ကားသံကြားလေတိုင်း တကြည့်ကြည့် ဖြစ်နေရှာသော ဒေါ်ထားခိုင်သည် အိမ်ရှေ့တွင် ထိုးဆိုက်လာသည့် ယူဘီအေကားပြာလေးကို တွေ့လိုက်ရလျှင်

စိတ်သက်သာရာ ရရှိသွားတော့ သည်။

အိမ်ရှေ့တံခါးကိုဖွင့်လိုက်စဉ် ကားပေါ်မှဆင်းလာသော သမီး ဖြစ်သူကိုတွေ့လိုက်ရ၏ ။

ယင်းသို့ တွေ့လိုက်ရသော အခါ ဒေါ်ထားခိုင်၏ မျက်နှာသည် ပြုံးရွှင်သော အသွင်သို့ ပြောင်းလဲ ၍ သွားပေသည်။

သင်းသင်းခိုင်သည် ယာဉ်မောင်းကြီးအား နှုတ်ဆက်ပြီး လှေခါးပေါ်သို့ တက်လာ၏ ။

ဤတွင် ဒေါ်ထားခိုင်က သမီး ဖြစ်သူ၏ လက်ထဲမှပန်းစီးကို လှမ်းယူလိုက်သည်။

'သမီးတို့လေယာဉ် ဒီနေ့နောက်ကျတယ်နော်'

'ဟုတ်တယ် မေမေ။ ဟဲဟိုးနဲ့ကျိုင်းတုံမှာ ခရီးသည်တွေ များ နေလို့ Shuttle ဆွဲပေးနေရတယ်'

'မေမေဖြင့် သမီးပြောထားတဲ့အချိန်ထက် နောက်ကျနေလို့ စိတ်ပူလိုက်ရတာ ကွယ်'

'သမီးပြောထားသားပဲ မေမေရယ်။ စိတ်မပူပါနဲ့လို့။ စက်ချို့ယွင်းတဲ့အခါ ရှိမယ်။ အစီအစဉ် ပြောင်းတဲ့အခါရှိချင်ရှိမယ်။ နောက်ပြီး Flight က ပြန်ရောက်ပေမယ့် ကားက ချက်ချင်း ရတတ်တာ မဟုတ်ဘူး။ မေမေ စိတ်ပူနေရင် သမီးလဲ အလုပ်လုပ်ရတာ စိတ်ဖြောင့်မှာ မဟုတ်ဘူး'

'ဒါတော့ ဒါပေါ့ သမီးရယ်'

ထိုမျှသာပြော၍ ဒေါ်ထားခိုင်သည် ပန်းစည်းကို ကိုင်ကာ ဘုရားခန်းတွင်းသို့ ဝင်သွားလေ ၏ ။

သင်းသင်းခိုင် ကတော့ သူ့အိပ်ခန်းတွင်းသို့ ဝင်ကာ ရေမိုးချိုးရန် ပြင်ဆင်နေ၏ ။

ဘုရားပန်းစည်းကိုရေဆွတ်၍ ထားခဲ့ပြီး သမီး ဖြစ်သူအတွက် စားသောက်မှု စီစဉ်ရန် ဒေါ်ထား ခိုင်သည် ဘုရားခန်းမှ ထွက်လာပြန်သည်။

'သမီးရေ မေမေ ထမင်းအိုးတွေ နွေးလိုက်ရတော့ မလား'

'ဟုတ်ကဲ့ မေမေ၊ သမီးရေချိုးပြီး လာခဲ့မယ်'

ဒေါ်ထားခိုင်က မီးဖိုဆောင်ထဲတွင် ထမင်းအိုးဟင်းအိုး နွေးနေစဉ် သင်းသင်းခိုင်သည် ခပ်သွက် သွက်ရေချိုးပြီး သနပ်ခါးရေကျဲ တစ်ကျောက်ပြင်သွေးကာ လိမ်းပြီးသည်နှင့် တစ်ပြိုင်နက် ထမင်းစား ခန်းဆီသို့ ထွက်လာသည်။

'မေမေရော စားပြီးပြီလား'

ထမင်းစားပွဲတွင် ဝင်ထိုင်ရင်း သင်းသင်းခိုင်က မိခင်ကြီးကို လှမ်းမေးလိုက်သည်။

'မစားရသေးဘူး၊ မေမေ သမီးကို စောင့်နေတာ'

'အော်..မေမေရယ်၊ စောစော စားထားနှင့် ရောပေါ့။ နောက်ကျရင် အစာမကြေမှာ စိုးရတယ် မဟုတ်လား။ နောက်ဆိုရင် သမီး ငါးနာရီထိုးလောက်မှ ပြန်မရောက်ရင် မေမေ စားထားနှင့် နော်'

'အေးပါကွယ်။ မေမေစားထားနှင့် ပါ့မယ်'

ဒေါ်ထားခိုင်သည် သူ့အတွက် ပူပန်ကြောင့်ကြ မှု ကြီးလှသော သမီးငယ်စိတ်ကျေနပ်စေရန် ဖြေ လိုက်၏ ။

'အော်..ဒါနဲ့ သမီးထမင်းချိုင့်ကလေး ဒီအတိုင်းပြန်ပါလာခဲ့ပါလား'

'ဟုတ်တယ် မေမေ ဟဲဟိုးမှာ ကိုဇော်ဝင်းမြင့်က သမီးတို့အားလုံးကို ထမင်းကျွေးတာ စားလိုက်ရလို့ အိမ်ကထမင်းဘူး ဒီအတိုင်းပြန်ပါလာတာ'

'ဇော်ဝင်းမြင့်ဆိုတာ တခါဒီကိုလာတဲ့ သူငယ်လား'

'ဟုတ်တယ် မေမေ'

သင်းသင်းခိုင်က မိခင်၏ ပန်းကန်ထဲသို့ စားဦးစားဖျား ဦးချရင်းဖြေလိုက်သည်။

'ဒါနဲ့ မောင်အောင်ဇော် တစ်ယောက် တောင် နေ့လယ်က ပေါက်လာသေးတယ်'

သင်းသင်းခိုင်က စားမည့် ဟန်ပြုနေသော ထမင်းလုပ်ကိုမစားသေးဘဲ မိခင်ကို လှမ်းကြည့် လိုက်သည်။

'သူ ဘာလာလုပ်တာလဲ မေမေ။ အိမ်ကိစ္စ လာပြောတာလား'

သင်းသင်းခိုင်က စိုးရိမ်ကြီးစွာ ဖြင့် ကသော ကမျော မေးလိုက်သည်။

'အင်း..အိမ်ကိစ္စ ကတော့ မပြောပါဘူး။ သမီးနဲ့မတွေ့ ရတာ ကြာလို့ လာလည်တာလို့ပဲ ပြော တယ်'

'မေမေက ဘာပြောလိုက်လဲဟင်'

'သမီး နေ့တိုင်းလိုလိုပဲ အလုပ်ဆင်းနေရတယ်လို့ ပြောလိုက်တယ်'

သင်းသင်းခိုင်သည် ခေတ္တမျှငြိမ်သက်စွာ ထမင်းစားနေ၏ ။

'ဒေါ်ဒေါ်မြ ကတော့ အိမ်ကိစ္စအကြောင်းမပြောခိုင်းဘဲမနေပါဘူး။ ကိုအောင်ဇော်က အားနာလို့ မေမေ့ကို ပြောမသွားတာ ဖြစ်မှာ ပေါ့'

'အား...ဟုတ်မှာ ပေါ့ သမီးရယ်'

'ဒေါ်ဒေါ်မြက သမီးတို့ကိုဘာလို့များ ဒီအိမ်က ပြောင်းစေချင်တာလဲ မသိပါဘူး။ သူတို့ လာနေ မှာ လဲမဟုတ်ဘဲနဲ့'

သင်းသင်းခိုင်က မကျေမနပ် ပြောလိုက်သည်။

'သူများ ကို ငှားချင်လို့နေမှာ ပေါ့'

'ဟင်..သမီးတို့လဲ အလကားနေတာမှ မဟုတ်ဘဲ။

အိမ်လခမှန်မှန်ပေးနေတာပဲဥစ္စာ’

‘ဒါတော့သမီးရယ် မေမေတို့ငှားစဉ်တုန်းက အိမ်လခတွေ က အခုလောက် ဈေးကောင်းသေး တာမဟုတ်ဘူး။ ခု မြေရှား၊ အိမ်ရှားနဲ့ ဒီလို သပ်သပ်ရပ်ရပ်အိမ်မျိုးဆိုရင် စပေါ်တွေ အပျောက်တွေ နဲ့ ငှားမယ့်လူတွေ ကအပုံရယ်။ အိမ်လခကလဲ အခု မေမေတို့ဆီက ရနေတာထက် နှစ် ဆသုံးဆ သာဦး မယ်’

‘ဒေါ်ဒေါ်မြတို့များ တစ်သက်စာ မကုန်အောင် ပစ္စည်းရှိပါရက်နဲ့ လောဘကိုကြီးပါတယ်’

‘လောဘဆိုတာ အတောသတ်မရဘူးတဲ့ ဆိုရိုးရှိတယ် သမီးရေ့’

‘အို..ဘာပဲ ဖြစ် ဖြစ် သမီးတော့ ဒီအိမ်က ဖယ်မပေးပါဘူး။ လခမှန်မှန်ပေးနေတဲ့ ဥစ္စာပဲ’

‘ဖယ်မပေးလဲ ဖြစ်တာပဲ။ ဒါပေမဲ့ သူများ စေတနာမရှိတဲ့နေရာမျိုးမှာ မေမေတို့ နေရလို့ကော စိတ်ချမ်းသာပါ့မလား သမီးရယ်၊ ဒို့ပြင်ထောက်ထားစရာ သူ့ကျေးဇူးတွေ က ရှိနေသေးတယ်။ သမီး ဖေဖေမဆုံးခင် နာတာရှည် ဖြစ်နေတုန်းက သူ့ဆီက ငွေချေးသုံးနေခဲ့ရတာ ခုထိ သမီးလခထဲက ဆပ်နေရသေးတယ် မဟုတ်လား’

‘အမလေး မေမေရယ်၊ အတိုးပေးနေရတာ ပဲ၊ ဒီအထိအောင်တော့ လိုက်ပြီး အားနာနေစရာ မလိုပါဘူး။ သူ့ပေးရတဲ့အတိုးက ခုဆိုရင် အရင်းထက်တောင် ကျော်နေပါပြီ’

သင်းသင်းခိုင်သည် လူငယ်ပီပီ စိတ်ထဲရှိရာကို ဇိုးဇိုးဇတ်ဇတ်ကလေး ပြောချလိုက်၏ ။

‘အေးလေ ဘာပဲ ဖြစ် ဖြစ်ပေါ့။ သူ့စေတနာ သူ့အကျိုးပေးလိမ့်မယ်။ မေမေတို့ဘက်ကသာ မေတ္တာမပျက်စေနဲ့ပေါ့။ ဒါနဲ့ သမီးလျှောက်ထားတဲ့ တိုက်ခန်းကကော’

‘သိပ်မျှော်လင့်ချက် ထားမနေနဲ့ မေမေ၊ သမီးထက် အရင်လျှောက်ထားတဲ့လူတွေ တောင် ခုထိ မရကြသေးဘူး’

'အင်း..မေမေက သမီးတိုက်ခန်းလျှောက်ထားတာရရချင်း ပြောင်းပေးပါမယ်လို့ မမြကို ပြောထားတာ ဒုက္ခပါပဲကွယ်'

'သိပ်လဲ စိတ်ပူမနေပါနဲ့ မေမေရယ်။ တနည်းနည်း နဲ့တော့ ပြေလည်သွားမှာပေါ့'

မိခင် ဖြစ်သူ စိတ်သက်သာစေရန် အားပေးလိုက် ရသော် လည်း မည်သည့်နည်းနှင့် ပြေလည် အောင် ပြုလုပ်ရမည် ကိုကား သင်းသင်းခိုင်ခမျာ မသိရှာ။

*

ယခင်က ကျောင်းပိတ်ရက်ကုန်ဆုံး၍ ရန်ကုန်သို့ ပြန်ရချိန်နီးလာလေတိုင်း လေးဖင့်စိတ်မရွှင်နိုင် ခဲ့သော ကျော်နိုင်ဦးမှာ ယခုတော့ ရန်ကုန်သို့ စောကြို၍ ပင် ပြန်ချင်နေသည်။

ကျော်နိုင်ဦး၏ ခံစားချက်ကို တင်မောင်ချို က ရိပ်မိနေ၏ ။

သို့ ဖြစ်၍ သူကအကဲစမ်းသလို ကျော်နိုင်ဦးအား ကြံတစ်ခုတင်ပြလိုက်သည်။

'ကျော်နိုင် ဒို့ ရန်ကုန်ကို မန္တလေးဘက်ကလှည့်ပြီး ကားနဲ့ပြန်ကြမယ် မကောင်းဘူးလားကွာ'

'ဟင့်အင်းကွာ'

'အော်..မင်းက ခါတိုင်းလို ရထားနဲ့ပဲ ပြန်ချင်နေတယ်ထင်တယ်။ ဒါလဲ ကောင်းသားပဲကွာ'

တင်မောင်ချိုက ကျော်နိုင်ဦး၏ မျက်နှာကို မသိမသာအကဲခတ်ရင်း စကားကြောင်းပေးလိုက် သည်။

‘ဘယ်ကလာ ရထားနဲ့သွားချင်ရမှာ လဲကွ၊ အချိန်လဲကုန်တယ်။ လူလဲ ပင်ပန်းတယ်’

‘ရထားနဲ့လဲ မသွားဘူး၊ ကားနဲ့လဲ မသွားဘူးဆိုတော့ မင်းက လေယာဉ်ပျံနဲ့ သွားချင်တယ်ပေါ့’

‘အေး’

ကျော်နိုင်ဦးသည် သူ့စိတ်သူ မလုံဟန် ဖြစ်နေပုံရသည်။

‘ပေါလှချည်လား ကျော်ကျော်ရာ’

တင်မောင်ချိုက ခေါင်းတရမ်းရမ်းနှင့် ပြောလိုက်သည်။

‘ဘာပေါတာလဲကွ’

ကျော်နိုင်ဦးက တင်မောင်ချိုမျက်နှာကို ဆတ်ကနဲ လှမ်းကြည့်ရင်း ခပ်ဆတ်ဆတ် မေးလိုက် သည်။

‘အောင်မာ ဖိုးကျော်ရာ၊ မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့ကွာ။ မင်း ဟိုအလာတုန်းက တွေ့ ခဲ့ရတဲ့ လေယာဉ်မယ်ကလေးနဲ့များ ပြန်ဆုံဦးမလားလို့ လေယာဉ်ပျံစီးချင်တာမဟုတ်လား’

ယင်းသို့ တင်မောင်ချိုက ရှင်းရှင်းဖွင့်မေးလိုက်တော့လည်း ကျော်နိုင်ဦးမှာ ဝန်ခံရအခက်၊ ငြင်း ဆန်ရအခက်နှင့် မျက်နှာမထားတတ်အောင်ပင် ရှိနေပေ၏ ။

‘ဟိုနေ့က ကိုယ့်ကို ဒေါ်ဒေါ်ဦး ခေါ်တွေ့ တာ မင်းသိသလား ဖိုးကျော်’

‘ဘယ်သိမှာ လဲကွ’

ကျော်နိုင်ဦးသည် ခပ်ပေါ့ပေါ့ အမူအရာဖြင့် ဖြေလိုက်သော် လည်း သူ့မျက်နှာပေါ်တွင် စိတ်ဝင် စားမှု က ပေါ်လွင်လာ၏ ။

တင်မောင်ချိုက သူ့အားဒေါ်ခင်မေဦး ခေါ်တွေ့ သည့်အကြောင်းရင်းကို

ထုတ်ဖော်မပြောသေး ဘဲ ခေတ္တမျှငြိမ်နေ၏ ။

ကျော်နိုင်ဦးသည် အောင့်အည်းမနေနိုင်တော့သဖြင့် ထုတ်ဖော်၍ မေးလိုက်မိသည်။

'မေမေက မင်းကို ငါ့အကြောင်းခေါ်ပြောတာလားဟင်'

'ဒါပေါ့..'

'ဘာတဲ့ဟဲ မင်းကလဲ ပြောမယ့်ဟာကို ပြောစမ်းပါ'

'အော် မင်းက ကြားချင်တယ်ပေါ့။ အင်း ကြားချင်တော့လည်း ပြောရတာ ပေါ့ကွာ မင်းအမေက လေ မင်းက ရိုးသားကြောင်း၊ လိမ္မာကြောင်း မိဘစကားနားထောင်ကြောင်း အကောင်းချည်း ချီးမွမ်း ခန်းဖွင့်တယ်ကွ'

'ဒါတင်ပဲလား'

'ဘယ်ဟုတ်လိမ့်ဦးမလဲ ဆက် နားထောင်နောက်ထပ်ပြောတဲ့စကား ကတော့ မင်းဟာ ခုလို မိဝေးဖဝေး တနယ်တကျေးမှာ ပညာလာသင်နေရတယ်ဆိုတော့ သူ့မှာ စိတ်ပူရပါတယ်တဲ့။ ပညာရေး မပြည့်စုံခင်မှာ မင်းအချစ်ရေး ဘက် စိတ်ဝင်စားသွားမှာ ကို အဖွားကြီးက သိပ်စိုးရိမ်နေပုံရတယ်။ မင်းကို စောင့်ရှောက်ဖို့ ငါ့လက်ထဲ အပ်တယ်ကွ။ မင်းနဲ့ပတ်သက်တဲ့ အကြောင်း ဘာပဲရှိရှိ သူ့ဆီကို စာရေး ပြောပါ။ အရေး ကြီးရင် ဖုန်းဆက်ပါတဲ့။ သူ အသိချင်ဆုံး ကတော့ မင်းရဲ့ လှုပ်ရှားမှု ကိုပဲ မောင်ရင်'

'ဘာလှုပ်ရှားမှု လဲကွ'

'ရည်းစားထားသလား မထားဘူးလားဆိုတာကိုပေါ့'

'မေမေက ခက်ပါတယ်ကွာ။ ငါ့ကို သူငယ်နှပ်စားလေးများ မှတ်နေလားမသိဘူး'

'အိုး.. သူငယ်နှပ်စားမဟုတ်လို့ ပူရတာ ပေါ့ကွ'

'ဒါ အသာထားပါဦး မင်းက လူကြီးလုပ်ပြီး မေမေ့ကို

အာမဘာန္တေခံလိုက်တယ်ပေါ့လေ..'

ရှုသိုးသိုးမျက်နှာဖြင့် ကျော်နိုင်ဦးသည် တင်မောင်ချိုမျက်နှာကို လှမ်းကြည့်လိုက်သည်။

'ဟ..ကိုယ်နဲ့အရင်းနှီးဆုံး သူငယ်ချင်း တစ်ယောက် ကောင်းစားရေး ကို ဘယ်ဝန်လေး နေလို့ ဖြစ်မလဲ ကိုယ့်လူရယ်'

'အောင်မလေး ကိန်းခန်းကြီးနေလိုက်တာ တင်မောင်ချိုရာ မေမေက လူကြီးထုံးအတိုင်းမင်းကို လူကြီးအရာ မြှောက်လိုက်တာကိုး အဟုတ်ကြီးမှတ်မစမ်းပါနဲ့ကွာ'

'မင်းဘက်က ဘယ်လိုပဲ ယူဆယူဆ ငါ့ ကတော့ ဒေါ်ဒေါ်ဦးကိုပေးထားတဲ့ ကတိအတိုင်း တိတိ ကျကျ ဆောင်ရွက်ရတော့မှာ ပဲ'

တင်မောင်ချိုက ဣန္ဒြေသပ္ပတ္တိကြီးဖြင့် ပြောလိုက်သည်။

ကျော်နိုင်ဦးက စိတ်ထဲတွင် ချဉ်လာမိ၏ ။

'မင်းတော် တော် ကြီးကျယ်တဲ့အကောင်'

'ကြီးကျယ်လား မကျယ်လားတော့မပြောတတ်ဘူး မောင်ရင် ကိုယ့်မှာ တော့ ရန်ကုန်တော့ မပြန်ရသေးဘူး။ ဒေါ်ဒေါ်ဦးကို တင်ပြစရာအကြောင်းက ရှိနေပြီ'

'ဘာတင်ပြစရာလဲ ကလိန်စေ့ငြမ်းစင်ပြီး ဂုံးချောရမှာ ကိုပြောတာလား'

'ဂုံးချောမှာ တော့ မဟုတ်ပါဘူး'

'ဒါဖြင့် မေမေ့ကို တင်ပြစရာ ဘာအကြောင်းများ ရှိလို့လဲကွ'

'ရှိတာပေါ့ ကျော်ကျော် တစ်ယောက် ရန်ကုန်ကအလာ လေယာဉ်ပေါ်မှာ တွေ့ခဲ့ရတဲ့ လေယာဉ် မယ်လှလှကလေးကို စွဲလမ်းနေပြီဆိုတဲ့အကြောင်းပေါ့ကွာ'

'မင်းက သစ္စာဖောက်ပဲ၊ မောင်ရင့်လိုကောင်မျိုးနဲ့ ဘယ်တော့မှ မပေါင်းတော့ဘူး။ ခုလို စောစောစီးစီး မောင်ရင့်အကြောင်းသိရတာ ကျေးဇူးပဲဟေ့'

ကျော်နိုင်ဦး တစ်ယောက် တကယ်ပင်ဒေါသထွက်နေကြောင်း နီရဲလာသော သူ့မျက်နှာက ဖော်ပြနေပေ၏ ။

သည်တော့ တင်မောင်ချိုသည် မျက်နှာချိုသွေးရပြန်သည်။

'အလကား စတာပါကွာ၊ ဒေါ်ဒေါ်ဦးကို ဒီလိုသွားပြောရအောင်ကလဲ ငါက နွားမကျသေးပါဘူး။ နောက်ပြီး မင်းနဲ့လေယာဉ်မယ်ကလေးကိစ္စမှာ ဟိုခမျာ ဘာမှသိရှာတာမဟုတ်ဘူး။ မင်းကသာ သူမသိငါပိုး တဖက်သတ်ကြောင်နေတဲ့ဟာကို ငါ့အနေနဲ့ ကန့်ကွက်စရာ မရှိသေးဘူးကွ'

ပြေရာပြေကြောင်း ပြောသလိုလိုနှင့် တင်မောင်ချိုက သူ့ကို ထပ်ကလိလိုက်ပြန်သဖြင့် ကျော်နိုင်ဦးမှာ နာလိုခံခက်ကြီး ဖြစ်နေရပေသည်။

'တော် ပြီကွာ မင်းဘာမှ ထပ်မပြောနဲ့တော့'

'စိတ်မဆိုးပါနဲ့သူငယ်ချင်းရာ၊ ငါမင်းစိတ်ကို သိလို့ တင်စနေတာပါ တကယ်ဆိုရင် ဘယ်အရေး ပဲရှိရှိ မင်းဘက်က ငါရပ်တည်မှာ ပါကွာ'

ပြုံး ရအခက်မဲ့ရအခက် ဖြစ်နေသော ကျော်နိုင်ဦး တစ်ယောက် စကားစရှာမရချိန်မှာ တင်မောင် ချိုက စကားဆက်လိုက်ပြန်သည်။

'ဒါနဲ့ သူငယ်ချင်း တို့ရထားနဲ့ပဲပြန်ကြမှာ မဟုတ်လား'

'ကျောင်းပြန် အမျိုးသမီးကလေးတွေ ကို မင်းငမ်းချင်လို့ ရထားနဲ့သွားချင်တာ မဟုတ်လား မင်း အကြောင်း ငါသိပါတယ်'

'ဟဲ ဟဲ ဟဲ သူငယ်ချင်းကလဲ ဟုတ်တာတွေ ပြောနေပြန်ပါပြီ။ မင်းကလဲ လေယာဉ်ပျံစီးချင် တာ ဟိုငတိမကလေးကို တွေ ့မလားလို့ မဟုတ်လား မြွေမြွေချင်း မြေမြင်ပါတယ်ကွာ ဒါပေမဲ့ မင်းအကြံက မစွံဘူးကိုယ့်လူ'

'ဘာ ဖြစ်လို့'

'မင်း ရန်ကုန်ပြန်တဲ့အခေါက်မှာ သူက အလှည့်ကျဦးမှကိုး'

‘ဟော့ကောင် သူပါပါ မပါပါ ငါ ရန်ကုန်ကိုအမြန်ဆုံးပြန်ချင်တယ်။ မင်းလဲ ငါနဲ့ လိုက်ချင်မှ လိုက်၊ မလိုက်ချင်နေ ဒါပဲ’

ပြောပြောဆိုဆို ကျော်နိုင်ဦးက ထိုင်ရာမှ ထ ထွက်သွားတော့မည့် ဟန် ပြု လိုက်သဖြင့် တင်မောင်ချိုသည် ကျော်နိုင်ဦး၏ လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ရသည်။

‘အေးပါကွာ အေးပါကွာ မင်းနဲ့ ငါ လိုက်ခဲ့ပါ့မယ်’

*